# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရားဌ်တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဃဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 9 December 2023 ၁၁၃၀၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# ကိုယ်ကျင့်တရားနှင့် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုအပြည့်ဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်

## ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်ဘက်ဆိုင်ရာ နည်းပညာများအပါအဝင် အခြားပညာရပ်များမှာလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူ

နေပြည်တော် ဒီဇင်ဘာ ၈

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြား စစ်သံရုံးများမှစစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် စစ်တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့

### ပို့ကုန်တင်ပို့သူများအတွက် အခွင့်ကောင်းနှင့် နေလာနှင်းပျောက် စက်သုံးဆီကောလာဟလ

ဆောင်းပါး စာမျက်နှာ » ၉

ဖတ်စရာ

### ထိုင်ဝမ်သကြားပြောင်းဖူး စိုက်ပျိုးလုပ်ကိုင်ရောင်းချသူများ ဈေးနှုန်းသင့်တင့်၍ ဝင်ငွေပိုမိုရရှိ

စာမျက်နှာ » ၁၀



### အီရန်နှင့်ရုရှား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်ဟု ရိုင်ဆီပြောကြား

စာမျက်နှာ » ၁၉

ကြေးမုံ

# အဂတိဖယ်ခွာ လူ့ဘောင်လောကသာယာ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။ ဤနေ့ ဤရက်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာသူ ကမ္ဘာသားအားလုံး အဂတိကင်းဝေးပြီး အေးချမ်းသာယာဝပြောသည့် ကမ္ဘာလောက၊ လူ့ဘောင်လောက ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေသည့် မကောင်းမှုဒုစရိုက်ပင်ဖြစ်သည်။ အဂတိလိုက်စားမှုကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှုများကွယ်ပျောက်ပြီး နိုင်ငံတော်နှင့် အများပြည်သူလူထုကို ထိခိုက်နစ်နာစေပါသည်။ အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းများကြားတွင် ကာလရှည်ကြာ သိမ်မွေ့နက်နဲစွာ အမြစ်တွယ်နေသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ လူတို့၏ အကျင့်စာရိတ္တနှင့်စိတ်ဓာတ်တို့ကို ပျက်စီးစေသည့်အဂတိအမှုတို့သည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးနှင့် အေးချမ်းတည်ငြိမ်မှုကို ထိခိုက်စေသည့် ကြီးမားသော အန္တရာယ်ဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သိင်္ဂါလောဝါဒသုတ်တွင် ဆန္ဒာဂတိ- ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်ကို လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း။ ဒေါသာဂတိ- စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်ကို လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း။ မောဟာဂတိ- ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း။ ဘယာဂတိ- ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်းဟူသည့် အဂတိတရားလေးပါးကို ဖော်ပြထားပါသည်။ သိင်္ဂါလောဝါဒသုတ်အရ ချစ်ခြင်း၊ မုန်းခြင်း၊ မောဟ၊ ဘယာဟူသော လောကကိုပျက်စီးစေသည့် အကြောင်းလေးပါးကို တွေ့ရသည်။

ဤအဂတိလေးပါးကြောင့်ပင် လူ့ဘောင်လောကတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုများ၊ စိတ်မချမ်းမြေ့ဖွယ်ရာများကို တွေ့မြင်ရမည်ဖြစ်သည်။ အဂတိလိုက်စားမှုကို သာမန်အားဖြင့်ဆိုလျှင် လာဘ်ပေး၊ လာဘ်ယူမှုမျှသာ ထင်မှတ်ကြသော်လည်း အမှန်တကယ်တွင် လူ့ဘောင်လောကအတွင်း အလွန်ကျယ်ပြန့်နက်ရှိုင်းနေသည့် အမှုကိစ္စကြီးဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းအဖြစ် သုံးစွဲခြင်း၊ မလျော်သြဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိနှင့်မိသားစု၊ ဆွေမျိုးအသိုက်အဝန်း ကောင်းစားရေး ဝါဒကျင့်သုံးခြင်းတို့သည် အဂတိလိုက်စားခြင်းပင်ဖြစ်သည်။

မိမိပတ်ဝန်းကျင်ကို သေချာစေ့ငုလေ့လာကြည့်မည်ဆိုလျှင် အဂတိနှင့်မကင်းသောအမှုများကို မကြာခဏမြင်တွေ့ရမည်ဖြစ်သည်။ အဂတိကင်းစင်ခြင်းနှင့် မကင်းစင်ခြင်း၏တန်ဖိုးကို သိလိုပါက အဂတိကင်းစင်သောပတ်ဝန်းကျင်တွင် နေထိုင်ကြသော မိမိနှင့်အများသူငါတို့ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ရရှိပြီး အဂတိမကင်းသောပတ်ဝန်းကျင်တွင် နေထိုင်ရပါက ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုများကို ခြားနားစွာတွေ့မြင်နိုင်ပေသည်။ ထို့ပြင် အဂတိမကင်းပါက မျက်မှောက်တွင် ဥပဒေ၏ပြစ်ဒဏ်ခံရနိုင်သလို နောင်တွင် စည်းစိမ်ဥစ္စာအခြံအရံကျော်စောခြင်းတို့ တစ်နေ့တခြားလျော့ပါးပျက်စီးခြင်းသို့ ရောက်နိုင်သည်။

အဂတိလိုက်စားမှုသည် လာဘ်ပေး၊ လာဘ်ယူမှုတို့ထက် လွန်ကဲကာ ရာဇဝတ်မှုကျူးလွန်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းကို အားပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို ထိခိုက်စေခြင်းစသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်လျက်ရှိသည့် အဂတိလိုက်စားမှု၊ အကျင့်ပျက်ချစားမှု၊ ဒုစရိုက်မကောင်းမှုများပြုလုပ်မှုစသည့် ပြဿနာများကို ကမ္ဘာသူကမ္ဘာသားများက အလေးအနက်ဂရုပြုလာစေရန်နှင့် တားဆီးတိုက်ဖျက်နိုင်ကြစေရန် နှိုးဆော်တိုက်တွန်း အသိပေးလှုပ်ရှားမှုများကို နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့တွင် ပြုလုပ်ကြသည်။

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို ရေးဆွဲချမှတ်ထားပြီး ယင်းစီမံချက်အောက်တွင် လုပ်ငန်းစီမံချက် (၂၀၂၃)ကို အကောင်အထည်ဖော်လျက်ရှိသည်။ တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်း လုပ်ငန်းစဉ်သုံးရပ်ကို ဟန်ချက်ညီညီအကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် လူသားတို့အနေဖြင့် ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ မောဟ၊ ဘယာ စသည့် စိတ်အညစ်အကြေးတို့ကြောင့် အဂတိအမှုတို့ကို ကျူးလွန်တတ်ရာ ဖြူစင်သည့် ကျောင်းသား ကျောင်းသူလေးများအရွယ်၌ အဂတိကင်းဝေးစေရေး လူ့ဂုဏ်သိက္ခာ၊ ကျင့်ဝတ်တို့ကို သင်ကြားပေးလျက်ရှိသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုသည် လူ့အသိုက်အဝန်းများအတွင်း အကျင့်စာရိတ္တနှင့် စိတ်ဓာတ်တို့ကို ပျက်စီးစေသည့်အပြင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ထိခိုက်စေနိုင်သည်ဖြစ်ရာ နိုင်ငံအတွက် ကြီးမားသည့်အန္တရာယ်အဖြစ်ရှုမြင်ပြီး အဂတိဖယ်ခွာ လူ့ဘောင်လောကသာယာဝပြောစေရန် အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှု စစ်ဆေး

ကျိုင်းတုံ ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဝမ်ပေါက်ကျေးရွာနှင့် ယန်းဆော်ကျေးရွာတို့၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ဝမ်ပေါက်ကျေးရွာနှင့် ယန်းဆော်ကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းနှစ်လမ်းသည် အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၁၈ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၁၈ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမအပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာနှစ်ရွာရှိ အကျိုးပြုအိမ်ခြေ ၁၅၈ အိမ်၊ လူဦးရေ ၉၇၉ ဦးတို့ကို အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

၂၂

## ဂျပန်ဘာသာသင်ကြားရေးနှင့်ပတ်သက်သည့်ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

သတ္တမအကြိမ်မြောက် မြန်မာလူမျိုး ဂျပန်ဘာသာသင် ဆရာ ဆရာမများအတွက် ပုံမှန်ပြုလုပ်သွားမည့် ဂျပန်ဘာသာသင်ကြားရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သည်။

ဆွေးနွေးပွဲကို ဂျပန်ဘာသာဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာလူမျိုး ဂျပန်ဘာသာသင်ကြားနေသော ဆရာ ဆရာမများ (JLPT N3 နှင့်အထက်) ဦးရေ ၄၀ သတ်မှတ်ထားပြီး အွန်လိုင်း (Zoom) ပုံစံဖြင့်ပြုလုပ်မည်ဖြစ်သည်။ လင့်ခ်ကို ကျင်းပမည့်ရက် နှစ်ရက်မတိုင်ခင် မေးလ်ပို့ပေးမည်ဖြစ်သည်။ တက်ရောက်မည့်သူများသည် ဒီဇင်ဘာ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီနောက်ဆုံးထား၍ https://forms.office.com/Pages/ResponsePage.aspx...လင့်ခ်မှတစ်ဆင့် စာရင်းပေးသွင်းရမည်ဖြစ်သည်။

ဆွေးနွေးပွဲ အကြောင်းအရာမှာ Irodori ဝက်ဘ်ဆိုက်ရှိ အခြား သင်ထောက်ကူများကို လေ့လာကြမည်ဖြစ်သည်။ https://yg.jpf.go.jp/irodori_category/other-resources/ ဝက်ဘ်ဆိုက်တွင် Irodori ကိုအသုံးပြုချိန် အသုံးဝင်မည့် သင်ထောက်ကူများ အချက်အလက်များကို လေ့လာနိုင်ပြီး ဂျပန်ဖောင်ဒေးရှင်းမှ မူရင်းသင်ထောက်ကူများလည်းပါဝင်သည် ။ Irodori သင်ကြားပုံသင်ကြားနည်းများကိုရယူပြီး Minnano Nihongo နှင့် ပေါင်းစပ်ပြီး အသုံးပြုရန်နှင့် Listening Test ပြုလုပ်လိုပါက ဝက်ဘ်ဆိုက် အထောက်အကူဖြစ်စေမည့် မြန်မာဘာသာပြန်ထားသည့် ဒေတာများလည်း ပါဝင်သည်။ မြန်မာလူမျိုး ဂျပန်ဘာသာသင် ဆရာ ဆရာမများအတွက် စာသင်ချိန်မှာ လက်တွေ့ ပြန်လည်အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၈၀၀ | ၃၅၉ | ၃,၁၁၇,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၄၃၄ | ၁,၂၅၈,၆၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၃ | ၂၂,၂၀၀ |
| FPB | ၁,၆၅၀ | ၁,၆၀၀ | ၃,၄၅၅ | ၅,၃၈၃,၈၅၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၄၀၄ | ၈၀၈,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၇၂ | ၃၄၅,၆၀၀ |
| MAEX | ၁,၇၀၀ | ၁,၆၅၀ | ၂,၁၅၃ | ၃,၆၁၈,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

○ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်း အမှတ်စဉ်(၆၅)မှ အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၇၄၃ ဗိုလ်လောင်း သူရိန်ဦး၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၇၇၈ ဗိုလ်လောင်း ဟိန်းထက်အောင်၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၄၈၆ ဗိုလ်လောင်း ဇေလင်းမောင်၊ စာပေထူးချွန်ဆု (သိပ္ပံ)ရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၄၂၅ ဗိုလ်လောင်း ချမ်းငြိမ်းလွင်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၇၃၈ ဗိုလ်လောင်း ဟန်ဘုန်းမြတ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)မှ အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်း သူရိန်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)မှ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဟိန်းထက်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)မှ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်း ဇေလင်းမောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မျိုးဆက်သစ်ခေါင်းဆောင်ငယ်များ ထပ်မံမွေးထုတ်ပေးနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်သောကြောင့် တိုင်းပြည်နှင့် တပ်မတော်အတွက် အားသစ်လောင်းသည့်နေ့တစ်နေ့ ဖြစ်ကြောင်း၊ **“နောင်တစ်ခေတ်၏ အောင်စစ်သည်”** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် လက်ရုံးရည်သာမက နှလုံးရည်ပါ ပြည့်ဝသည့် အရာရှိကောင်းများ ဖြစ်လာစေရန်အတွက် အမိစစ်တက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို မိမိ၏အတွေ့အကြုံ ဗဟုသုတများနှင့် ပေါင်းစပ်ပြီး လက်တွေ့ နယ်ပယ်တွင် ထိရောက်အောင်မြင်စွာ အသုံးချရန်လိုသည်ကို မှာကြားလိုကြောင်း။

**မွေးထုတ်ပေးခဲ့**

အမိစစ်တက္ကသိုလ်သည် **“သစ္စာ၊ သူရ၊ သိပ္ပ”**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပေးအပ်လာသည့်တာဝန်မှန်သမျှ သစ္စာရှိရှိ ထမ်းဆောင်နိုင်ရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်ရန်စွယ်မှန်သမျှကို သူရဆိုသည့် ရဲစွမ်းသတ္တိပြည့်စုံစွာဖြင့် **တိုက်ခိုက်ချေမှုန်းနိုင်ရန်၊ စစ်ခေါင်းဆောင်တစ်ဦး သိသင့်သိထိုက်သည့် စစ်ပညာ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်ဆိုသည့် သိပ္ပအတတ်ပညာများကို တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးပြီး ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ပြီးဖြစ်**ကြောင်း၊ နောင်တော်ကျောင်းဆင်းအရာရှိများသည်လည်း ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို အောင်မြင်အောင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြကြောင်း၊ လက်ရှိတွင်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ကြီးမားသည့် တာဝန်များကို ထမ်းဆောင်လျက်ရှိခြင်းကြောင့် အမိစစ်တက္ကသိုလ်၏ ဂုဏ်ရောင်ထွန်းပြောင်လျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်၏ဂုဏ်၊ အမိစစ်တက္ကသိုလ်၏ ဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာတွင် အထက်ကယုံကြည်အားကိုးပြီး လက်အောက်က လေးစားရသည့် အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

မကြာမီ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့ အသီးသီး၌ ခေါင်းဆောင်ငယ်များအဖြစ် လက်တွေ့တာဝန် ထမ်းဆောင်ကြရတော့မည့်သူများ အနေဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ်များကို သိရှိနားလည်ထားကြရန် အရေးကြီးကြောင်း၊ **ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်း၊ စေတနာကောင်းရှိရမည့် အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ် သွားကြရမည်ဖြစ်**ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင်ပြုမူပြောဆိုချက်များ အောင်မြင်လာမည်ဖြစ်ကြောင်း၊ ကိုယ်ချင်းစာသည့် အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည် မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကို ကြည့်ပြီး စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကွပ်ကဲအုပ်ချုပ်မှု အောင်မြင်ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့် လက်အောက် ငယ်သားများကို ကျောသားရင်သား မခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်နှင့် အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော် သားတိုင်းသည် မည်သည့် လုပ်ငန်းတာဝန်ကို ထမ်းဆောင်နေသည် ဖြစ်စေ စစ်တိုက်နိုင်ရမည် ဖြစ်သဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကိုလည်း ထမ်းဆောင်နိုင်ရမည်ဖြစ်ခြင်းကြောင့် စစ်သားပီသစွာ နေထိုင်ကျင့်ကြံရန် လိုအပ်ကြောင်း၊ စစ်ရေးအသိ၊ စစ်ရေးသတိ အမြဲရှိနေရမည်ဖြစ်သည့်အပြင် သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို ကျွမ်းကျင်နေရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”**ဆိုသည့် ဆောင်ပုဒ်အတိုင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် လေ့လာခြင်း၊ ကျန်းမာကြံ့ခိုင်ကျွမ်းကျင်နေရန်အတွက် လေ့ကျင့်ခြင်းနှင့် စစ်အခြေခံ သဘောတရားများ၊ စစ်မြေပြင် စည်းကမ်းများကို တိကျစွာ လိုက်နာကျင့်သုံးကြရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးနှင့်အသက်ဝိညာဉ်ဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှုရှိပြီး အမိန့်နာခံမှုရှိမှသာ စစ်သားကောင်းတစ်ယောက် ပီသမည်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင်

**စာမျက်နှာ ၄ သို့** ○

# ပေးအပ်လာသည့်တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကိုသစ္စာရှိရန်၊ မိမိအလုပ် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာရှိရန် မိမိကိုယ်တိုင်သာမက နိုင်ငံတော်နှင့်တပ်မတော်အပေါ် ယုံကြည်ချက်၊ ခံယူချက် မြင့်မားစွာထားရှိရန်လို

○ စာမျက်နှာ ၃ မှ
အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးသကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ စည်းကမ်းကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အတွင်း၌ စည်းကမ်းများ ချမှတ်ထားခြင်းသည် စနစ်တကျရှိမှုနှင့် စုစည်းညီညွတ်မှုရှိစေရန်ဖြစ်သကဲ့သို့ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အသက်ပေးတာဝန်ထမ်းဆောင်ကြရသူများဖြစ်သည့်အတွက် အမိန့်နာခံမှုကောင်းပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး၊ မလိုလားအပ်ဘဲ အသက်အန္တရာယ်ထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့အတွက်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် စည်းကမ်းဆိုသည်မှာ အကြောင်းမဲ့တင်းကျပ်ထားခြင်း မဟုတ်သည်ကို နားလည်သဘောပေါက်ထားပြီး စည်းကမ်းလိုက်နာခြင်းဖြင့် မိမိကိုယ်ကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း။

**စံနမူနာပြလေးစားလိုက်နာ**

ထို့အပြင် တပ်မတော်သားများဖြစ်ရုံသာမက နိုင်ငံသားတစ်ဦးလည်း ဖြစ်သည့်အတွက် တပ်မတော်က ချမှတ်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ အပါအဝင် နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေနှင့်စည်းကမ်းများကိုလည်း စံနမူနာပြလေးစားလိုက်နာကျင့်သုံးပြီး လက်အောက်ငယ်သားများကိုပါ လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ **ပေးအပ်လာသည့်တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကိုသစ္စာရှိရန်၊ မိမိအလုပ် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာရှိရန် မိမိကိုယ်တိုင်သာမက နိုင်ငံတော်နှင့်တပ်မတော်အပေါ် ယုံကြည်ချက်၊ ခံယူချက် မြင့်မားစွာထားရှိရန်လိုကြောင်း** အထူး အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်၏ မူလတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် **"စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်"** ဟူသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်ဝနေရန်လိုအပ်မည်ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်ထက်မြက်စေရန်အတွက် စစ်အတတ်ပညာများကို အမြဲတမ်း လေ့လာလိုက်နာနေရန်လိုသကဲ့သို့ အုပ်ချုပ်ရေးစွမ်းရည်ထက်မြက်နေစေရန် အတွက် အမိန့်နှင့် ညွှန်ကြားချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် စနစ်တကျ စီမံကွပ်ကဲခြင်း၊ ဆင့်ကဲကွပ်ကဲကြပ်မတ်ခြင်းတို့ ဆောင်ရွက်သွားရမည်၊ အုပ်ချုပ်ရေးတွင် ကိုယ်တိုင်လိုက်နာဆောင်ရွက်ရသကဲ့သို့ စီမံဆောင်ရွက်ပေးရခြင်းရှိပြီး နှစ်ပိုင်းလုံးကိုလိုက်နာကျင့်ကြံ အားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ **စွမ်းရည်သုံးရပ်သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး အုပ်ချုပ်ရေးစွမ်းရည်ကောင်းမွန်သည်နှင့်အမျှ စစ်သည်များ၏စိတ်ဓာတ်ကောင်းမွန်လာမည်ဖြစ်ပြီး စစ်ရေးစွမ်းရည်တိုးတက်မှုကိုရှိစေမည်ဖြစ်သကဲ့သို့ စည်းရုံးရေးစွမ်းရည်ကို ကောင်းမွန်လာစေမည်ပင်ဖြစ်ကြောင်း။**

**အလေးထားလုပ်ဆောင်**

**တိုင်းပြည်၏ အားသည် ပြည်တွင်း၌သာရှိပြီး တပ်မတော်၏အားကို တပ်မတော်အတွင်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှု ရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများအားလုံး စုပေါင်းအားနှင့် ရှိနေပါက မည်သည့်အရာကိုမဆို ရင်ဆိုင်အောင်မြင်နိုင်မည်ဖြစ်သည့်**အတွက် တပ်တွင်းစည်းရုံးရေးသာမက ပြည်သူအားလုံး၏ စုပေါင်းအားကိုရရှိစေရန်အတွက် တပ်ပြင် စည်းရုံးရေးကိုလည်း အလေးထား လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

စည်းရုံးရေးဆိုသည်မှာ အချိန်နှင့်အမျှ လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အရေးပေါ်မှ ထပြီးလုပ်ဆောင်၍ရသည့် လုပ်ငန်းမျိုးမဟုတ်သည့်အတွက် တစ်ကြိမ်တစ်ခါကောင်း ဆောင်ရွက်ရုံဖြင့် မရနိုင်သည်ကိုလည်း သိရှိထားရမည် ဖြစ်ကြောင်း၊ စည်းရုံးရေးတွင် လက်တွေ့မပါသည့် စည်းရုံးရေးနှင့် လက်တွေ့ပါသည့် စည်းရုံးရေးဟူ၍ရှိပြီး ပြုမူဆောင်ရွက်မှု Behaviour အပေါ်တွင် မူတည်ခြင်း ဖြစ်သဖြင့် ညင်သာသိမ်မွေ့စွာ ဆောင်ရွက်ရန်လိုသည့်အတွက် တပ်မတော်စည်းရုံးရေးကော်မတီက ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ စဉ်ဆက်မပြတ် ပီပီပြင်ပြင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင်လည်း တပ်မတော်သားတိုင်း လိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျလိုက်နာကျင့်ကြံသွားကြမှသာ တပ်တွင်းစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာမည်ကို သိရှိနားလည်ရန်လိုကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ်သေချာစွာ တည်ဆောက်သွားရန် အလေးအနက်ထားမှာကြားလိုကြောင်း။**

တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာတွင်လည်း **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"**ဟု သဘောထားပြီး မိမိတာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသများတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက လူနည်းစု၊ တိုင်းရင်းသား၊ ဘာသာခွဲခြားမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများ အပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။ **စာမျက်နှာ ၅ သို့ ○**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)မှ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်း ချမ်းငြိမ်းလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)မှ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်း ဟန်ဘုန်းမြတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။

- ☆ **တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိပြီး တပ်မတော်၏အားကို တပ်မတော်အတွင်း တည်ဆောက်ရမည်**
- ☆ **မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများအားလုံး စုပေါင်းအားနှင့်ရှိနေပါက မည်သည့်အရာကိုမဆို ရင်ဆိုင်အောင်မြင်နိုင်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❍ စာမျက်နှာ ၄ မှ

၂၁ ရာစု ခေတ်သစ်စစ်ပွဲများသည် အကန့်အသတ် အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာ အမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာခြင်းဖြစ်ကြောင်း၊ တိုးတက်လာသည့် ခေတ်မီစစ်လက်နက် ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ပုံစံနှင့် စစ်ဗျူဟာများကို ကြိုတင်မြော်တွေးကြရမည်ဖြစ်ကြောင်း၊ ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုနှင့် ကြီးကြပ်မှုစနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့် လိုက်လျောညီထွေ ပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ပင်ဖြစ်ကြောင်း၊ ခေတ်ကာလအခြေအနေအရ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများအနေဖြင့် စစ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုပါ စဉ်ဆက်မပြတ် လေ့လာနေရန်လိုအပ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးသည် ၎င်းတို့နိုင်ငံများ၏ ဖြစ်တည်လာမှုသမိုင်းကြောင်း၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများစသည်တို့အပေါ်အခြေခံပြီး ပြည်ထောင်စုစနစ်ကို ပုံဖော်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကိုလည်း ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကိုက်ညီသည့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သော **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"**ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတစ်နိုင်ငံကို **နိုင်ငံရေး မောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေး မောင်းနှင်အားတို့နှင့်** လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် **စီးပွားရေးမောင်းနှင်အားသည် အဓိက အကျဆုံးဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်**သောကြောင့် မိမိတို့အစိုးရလက်ထက်တွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်အဖြစ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင် NLD အစိုးရ၏ ရွေးကောက်ပွဲမဲမသမာမှုမှတစ်ဆင့် နိုင်ငံတော်အာဏာအား မသမာသည့်နည်းလမ်းနှင့် အဓမ္မရယူရန် ကြိုးပမ်းသည်ကို ကာကွယ်တားဆီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် အစိုးရဖြစ်သောကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်အဖြစ် ထားရှိပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်သောကြောင့် အားလုံးပူးပေါင်းပါဝင်ကြမှသာ မိမိတို့သွားချင်သည့် ပန်းတိုင်ကို ဆောလျင်စွာ ရောက်ရှိမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း။

**အမိနိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိ**

ကိုယ်ကျင့်တရားနှင့် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုအပြည့်ဖြင့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသည့် ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက် နေထိုင်စားသောက်မှုကို ဂရုပြုပြီးလေ့ကျင့်သားပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးစားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်ဘက်ဆိုင်ရာ နည်းပညာများအပါအဝင် အခြားပညာရပ်များမှာလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူမှု၊ လေ့ကျင့်မှုနှင့် လိုက်နာမှုများကို ဆက်လက်လုပ်ဆောင်သွားကြရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ကျရာတာဝန်များကို စာမျက်နှာ ၆ သို့ ❖

**❖ ၂၁ ရာစုခေတ်သစ်စစ်ပွဲများသည် အကန့်အသတ် အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာခြင်းဖြစ်ကြောင်း၊ တိုးတက်လာသည့် ခေတ်မီစစ်လက်နက်ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ပုံစံနှင့် စစ်ဗျူဟာများကို ကြိုတင်မြော်တွေးကြရမည်ဖြစ်ကြောင်း၊ ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုနှင့် ကြီးကြပ်မှုစနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ပင်ဖြစ်**

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းပွဲ ဂုဏ်ပြုကဗျာ**

## မော်ကွန်းဥဒါန်း

❖ နောင်တစ်ခေတ်၏ အောင်စစ်သည်
သမိုင်းသစ်မော်ကွန်း တင်ရစ်မည်. . .။

❖ အမိမြန်မာ၊ ပြည်သာယာကို
မာယာဆိုးကျိုး၊ လှည့်ကွက်မျိုးစုံ
အဟုန်ပြင်းစွာ၊ ဖြိုခွဲလာသည့်
မိစ္ဆာရန်စွယ်၊ အသွယ်သွယ်ကို
ကာကွယ်တွန်းလှန်၊ ထိုတာဝန်သည်
သားမောင်တို့အတွက်–
သမိုင်းပေးတာဝန် အမှန်ဖြစ်တော့သည်။

❖ အမိမြန်မာ၊ ပြည်သာယာသည်
ချစ်ကြည်စည်းရုံး၊ ပြုံးပန်းဝေဆာ
ငြိမ်းချမ်းသာသည့်၊ မြန်မာ့ရွှေပြည်
ထိုခေတ်ဆီသို့၊ ရောက်မည့်မျှော်မှန်း
လျှောက်လှမ်းသာအောင်၊ ဆောင်နိုင်စွမ်းသည်
သားမောင်တို့အတွက်–
သမိုင်းပေးတာဝန် အမှန်ဖြစ်တော့သည်။

❖ အမိမြန်မာ၊ ပြည်သာယာအား
ညီညာစည်းလုံး၊ စည်းရုံးစုပေါင်း
နိုင်ငံကောင်းဖြစ်၊ တိုးတက်ရစ်ဖို့
ကျစ်လျစ်ခိုင်မာ၊ ဝေဖြာစီးပွား
အာရှကျားတစ်ကောင်၊ ဖြစ်လာအောင်သည်
သားမောင်တို့အတွက်–
သမိုင်းပေးတာဝန် အမှန်ဖြစ်တော့သည်။

❖ အမိမြန်မာ၊ ပြည်သာယာအတွက်
စစ်တက္ကသိုလ်၊ ကျောင်းရိပ်ညို့၌
ဆိုထားလေးရပ်၊ သစ္စာမြတ်ကို
ဦးထိပ်ပန်ထား၊ စောင့်စားသိစေ၊
သတ္တိရဲစွမ်း၊ အမြဲတမ်းရှိစေ၊
ဝိဇ္ဇာသိပ္ပ၊ အတတ်ပညာ
စဉ်ဆက်မပြတ်၊ ဆည်းပူးကပ်စေ၊
စစ်တက္ကသိုလ်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်အောင်
သားမောင်ကြိုးပမ်း၊ တာဝန်ထမ်းလော့
သမိုင်းသစ်မော်ကွန်း တင်ရစ်မည်...။

**သီရိပြည့်စုံမေ**

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် စစ်တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

❖ စာမျက်နှာ ၅ မှ

နိုင်ငံသားကောင်း၊ တပ်မတော်သားကောင်းတစ်ဦးပီသစွာ ပါဝင်ဆောင်ရွက်သွားကြရန်၊ **အမိနိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြမည့် နောင်တစ်ခေတ်၏ အောင်စစ်သည်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည်စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလ တစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာတို့တွင် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့်ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ **ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း ယခု သင်တန်းမှ ရရှိခဲ့သည့် မိမိဘဝ တိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှုစသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစား အားထုတ်သွားကြရမည်ဖြစ်ကြောင်း**၊ အသိပညာ၊ အတတ်ပညာများကို ဆက်လက်ဆည်းပူး လေ့လာပြီး လုပ်ငန်းခွင်တွင် ထူးချွန်သူများဖြစ်အောင်၊ တိုင်းပြည်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြ စေလိုကြောင်း။

တာဝန်ထမ်းဆောင်ရာတွင်လည်း စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် နောင်တော်ကျောင်းဆင်းအရာရှိများ၊ စစ်သည်များထံမှလည်း ကောင်းမွန်သည့် အတွေ့အကြုံ ကောင်းများကို လက်ဆင့်ကမ်း သင်ယူကြရန်လိုကြောင်း၊ **မိမိကိုယ်ကို မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်များကို အောင်မြင် ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်** လိုကြောင်း။

**တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လို**

ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်း သင်တန်းလေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ **မိဘများ၏ စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကိုဆပ်ခြင်းပင်ဖြစ် သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ လူငယ်ခေါင်းဆောင်များအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ပိုင်ဆိုင်ထားပြီးဖြစ်သည့် မဆုတ်မနစ်သောဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်တတ်သည့် စိတ်ဓာတ်နှင့် ရိုးသားသစ္စာရှိမှုတို့ကို ပေါင်းစပ်၍ မိမိတို့ဘဝ တိုးတက်မှုရှိစေရေး စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၅) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးမြတ်ထွဋ်နှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**ခန့်အပ်လွှာများပေးအပ်**

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ပြီး ဒေသသို့ လာရောက်ကြသူများအနေဖြင့် မြို့၏သာယာလှပမှု၊ စည်းကမ်းစနစ်တကျရှိမှု၊ စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ထားနိုင်မှုများကို အတုယူအားကျသွားစေသည်အထိ ဖြစ်အောင်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း လိပ်ပြာပြတိုက် ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အမျိုးသားကန်တော်ကြီးဥယျာဉ်တည်နေရာနှင့် သမိုင်းကြောင်းများ၊ နိုင်ငံတော်အကြီးအကဲမှ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ကန်တော်ကြီးအတွင်းသို့ ရေဝင်ရောက်မှု အခြေအနေများ၊ ကျောက်စီရေမြောင်းများ ဆောက်လုပ်ထားရှိမှုနှင့် ကန်တော်ကြီး ပတ်ဝန်းကျင် သာယာလှပသန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ ဘဲစားမြက်များ စိုက်ပျိုးထားရှိမှုများ၊ သစ်ခွပန်းပင်များ၊ ပြင်ဦးလွင်ချယ်ရီနှင့် ဂျပန်ချယ်ရီများ စိုက်ပျိုးထားရှိမှု၊ ကန်တော်ကြီးအတွင်း အလှငွေ့ငါးများ စိုက်ထည့်မွေးမြူထားရှိမှုများကို လည်းကောင်း၊ ကန်တော်ကြီးဥယျာဉ် တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် (၁၆) ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပန်းပွဲတော်တွင် ပြည်တွင်းပန်းမျိုးများနှင့် ပြည်ပမျိုးများကို ဇုန် ရှစ်ဇုန်ခွဲ၍ ပြသသွားမည့်အခြေအနေများ၊ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပသွားမည့်အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ခရီးသွားမြို့တော် ဖြစ်စေရေး ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှု၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း သစ်ခွဥယျာဉ် ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုများ ပုံမှန်အတိုင်းဖြစ်စေရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တာဝန်ခံကုမ္ပဏီအနေဖြင့် ပုံမှန်စစ်ဆေးဆောင်ရွက်နေရန် လိုကြောင်း၊ နှစ်ရှည်ပင်များရှင်သန်ဖြစ်ထွန်းမှုကို မှတ်တမ်းများထားရှိရန်လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ခရီးသွားများ လည်ပတ်ရာ၌ သက်သောင့်သက်သာဖြင့် လည်ပတ်နိုင်ရေးအတွက် အောက်ခြေရှင်းလင်းစေရေး ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းထားရှိရန်နှင့် အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်စေရေး အမြဲမပြတ်ဆောင်ရွက်နေရန် လိုကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဒေသပန်းမျိုးများကို ထိန်းသိမ်းမှုမရှိသဖြင့် အချို့ပန်းမျိုးများ မျိုးသုဉ်းသွားခြင်းများရှိကြောင်း၊ ပြင်ဦးလွင်ဒေသမှ ပန်းမျိုးများကို ရာသီဥတုတူညီမှုရှိသည့် ဒေသများ၌လည်း စမ်းသပ်စိုက်ပျိုးသွားရန် လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ (Land Mark)တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများ အမြဲမပြတ်လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ပြီး ဒေသသို့ လာရောက်ကြသူများအနေဖြင့် မြို့၏သာယာလှပမှု၊ စည်းကမ်းစနစ်တကျရှိမှု၊ စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ထားနိုင်မှုများကို အတုယူအားကျသွားစေသည်အထိ ဖြစ်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသခံများ၏ တစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လမ်းများအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းစနစ်တကျနှင့် နေထိုင်မှုစနစ် သပ်ရပ်သန့်ရှင်းနေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ သာယာလှပမှု၊ စည်းကမ်းစနစ်တကျဖြစ်မှုတို့ကို အားကျအတုယူ၍ မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြို့၊ ရွာများ၊ ၎င်းမှ တစ်နိုင်ငံလုံးအတိုင်းအတာအထိ စည်းကမ်းစနစ်တကျနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေး ပြင်ဦးလွင်မြို့ကို စံပြဖြစ်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စနစ်ကျနသည့် စီမံခန့်ခွဲမှုနှင့် ဒေသတွင်း နေထိုင်ကြသူများ၏ စည်းကမ်းစနစ်တကျရှိမှုတို့ဖြင့် ပတ်ဝန်းကျင်ကောင်းကို မိမိတို့ဒေသနှင့် အနာဂတ်အတွက် ပုံဖော်တည်ဆောက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း ရင်ဆိုင်နေကြရသည်ဖြစ်သဖြင့် မူလရှိရင်းစွဲ အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားသည့် ပြင်ဦးလွင်မြို့၌လည်း သစ်ပင်သစ်တောများကို Green Zone များ ဖော်ဆောင်၍ ထိန်းသိမ်းခြင်း၊ နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ ဆက်လက်စိုက်ပျိုး ထိန်းသိမ်းခြင်းများဖြင့် ရာသီဥတုကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**စာမျက်နှာ ၈ သို့☆**

☆ **ဒေသခံများ၏ တစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လမ်းများအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းစနစ်တကျနှင့် နေထိုင်မှုစနစ် သပ်ရပ်သန့်ရှင်းနေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

☆ **ပြင်ဦးလွင်မြို့ သာယာလှပမှု၊ စည်းကမ်းစနစ်တကျဖြစ်မှုတို့ကို အားကျအတုယူ၍ မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြို့၊ ရွာများ၊ ၎င်းမှ တစ်နိုင်ငံလုံးအတိုင်းအတာအထိ စည်းကမ်းစနစ်တကျနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေရေး ပြင်ဦးလွင်မြို့ကို စံပြဖြစ်အောင်ဆောင်ရွက်**

☆ **စနစ်ကျနသည့် စီမံခန့်ခွဲမှုနှင့် ဒေသတွင်းနေထိုင်ကြသူများ၏ စည်းကမ်းစနစ်တကျရှိမှုတို့ဖြင့် ပတ်ဝန်းကျင်ကောင်းကို မိမိတို့ဒေသနှင့် အနာဂတ်အတွက် ပုံဖော်တည်ဆောက်ပေးနိုင်ရမည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ ယနေ့နေ့လယ်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက် ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာ ရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အား သွားရောက်ကြည့်ရှု အားပေးစကားပြောကြား သည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက် ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသ ပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသ ဆောင်သို့ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် ဓာတ်ရောင်ခြည်ကုသစက်နှင့် CT စက်ဖြင့် ရောဂါရှိသည့်နေရာများအား တိကျစွာပုံဖော်သည့် စက်တို့ တပ်ဆင်သုံးစွဲထားမှုအခြေအနေများ ကြည့်ရှုစစ်ဆေးရာ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကင်ဆာရောဂါကုသ ဆောင်၌ တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် တပ်မတော်သား မိသားစုဝင်များ အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် သားဖွားမီးယပ်နှင့် ကလေး ကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များကို တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံအားပေးစကား ပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၇ မှ

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် အမျိုးသားကန်တော် ကြီးဥယျာဉ်အတွင်း မော်တော် ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု ၍ လိပ်ပြာပြတိုက်၊ သစ်ခွဥယျာဉ် တို့၌ ပြသထားရှိမှုများ၊ ဒေသ ပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေ သနပြု စိုက်ပျိုးစမ်းသပ်ထားရှိ မှုများ၊ တီကျစ်မြေဩဇာထုတ်လုပ် ထားရှိမှု အခြေအနေများကို စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ဆွေးနွေးမှာကြား သည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ကန်တော်ကြီးအတွင်း ထည့်သွင်း မွေးမြူထားသည့် အလှမွေးငါးများကို အစာကျွေးခဲ့ ကြပြီး လာရောက်အပန်းဖြေ အနားယူနေကြသည့် ပြည်သူ များကို ရင်းရင်းနှီးနှီးနှုတ်ဆက် သည်။

အမျိုးသား ကန်တော်ကြီး ဥယျာဉ်သည် ပြင်ဦးလွင်မြို့ အတွက်သာမက နိုင်ငံတော် အတွက်လည်း အထိမ်းအမှတ် နေရာ (Land Mark) တစ်ခုဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်များတွင် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ကန်များအတွင်းသို့ ရေဝင် ရောက်မှုများ နည်းပါးလာသည့် အတွက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလ တို့အတွင်း လာရောက်သည့် ခရီး စဉ်များတွင် လမ်းညွှန်မှုများဖြင့် လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ ရေလမ်းကြောင်း ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ ခြင်းကြောင့် ယခုအခါ ကန်တော် ကြီးအတွင်းသို့ ရေဝင်ပေါက်များမှ ရေများ ပြန်လည်စီးဝင်လျက်ရှိပြီး သတ်မှတ် ရေပြည့်ပမာဏထက် ပင် ကျော်လွန်သည်အထိ ထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ပြင် မူလရှိရင်းစွဲ နာမည်ကျော်ကြားမှုကိုဆက်လက် ထိန်းသိမ်း ဆောင်ရွက်နိုင်ရေး၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြုစိုက်ပျိုးစမ်းသပ်ထားရှိမှုများကို ကြည့်ရှု စစ်ဆေးစဉ်။

ဥယျာဉ်အတွင်း သန့်ရှင်းသာယာ လှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲ စေရေးတို့ကိုလည်း လမ်းညွှန် မှာကြားချက်များနှင့် အညီ ဆောင်ရွက်ထားရှိပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် အဆင့်မီသည့် ဥယျာဉ်ကြီးတစ်ခု အဖြစ် ပုံဖော်ထားရှိသည်ကို တွေ့မြင်ရကြောင်း၊ အမျိုးသား ကန်တော်ကြီးဥယျာဉ် (၁၆) ကြိမ် မြောက်ပန်းပွဲတော်အား စည်ကား သိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ် သွားမည်ဖြစ်ပြီး ကန်တော်ကြီး အတွင်း ရေအရင်းအမြစ် ထိန်း သိမ်းရေးလုပ်ငန်းများနှင့် သစ်ပင် ပန်းမန်များဖြင့် သာယာလှပရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ **သတင်းစဉ်**

# ပို့ကုန်တင်ပို့သူများအတွက် အခွင့်ကောင်းနှင့် နေလာနှင်းပျောက် စက်သုံးဆီကောလာဟလ

မောင်ချိန်ခွင်

**“လက်ရှိအခြေအနေမှာ ပြည်သူများအနေနဲ့ ကောလာဟလသတင်းများကြောင့် စက်သုံးဆီပြတ်လပ်မှုနဲ့ ဈေးနှုန်းကြီးမြင့်လာမှာကို စိုးရိမ်ပူပန်မှုများကို လျှော့ချပြီး ပုံမှန်အတိုင်းသာ ဝယ်ယူသုံးစွဲမှုပြုသင့်ကြပါတယ်။ ပုံမှန်ပြည်တွင်းသုံးစွဲမှုပမာဏထက် ပိုမိုများပြားစွာ ဝယ်ယူနေကြခြင်းဟာ နိုင်ငံ့စီးပွားတည်ငြိမ်မှုနှင့် နိုင်ငံခြားငွေကြေးဈေးနှုန်းအပေါ် ဆိုးကျိုးသက်ရောက်နိုင်တာကို နားလည်သဘောပေါက်သင့်ပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ စက်သုံးဆီအရောင်းဆိုင်များရဲ့ ဖြည့်တင်းပေးနိုင်မှု စွမ်းအားနှင့်အညီ ပုံမှန်သုံးစွဲမှုပမာဏအတိုင်း စဉ်ဆက်မပြတ် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ပါကြောင်းနဲ့ မိမိတို့လိုအပ်သည်ထက် ပိုမိုဝယ်ယူစုဆောင်းရန် မလိုအပ်ပါကြောင်း လေးစားစွာအသိပေး လိုပါတယ်။”**

မြန်မာနိုင်ငံဟာ ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတပေါကြွယ်လှတဲ့ နိုင်ငံတစ်ခုအဖြစ် ကမ္ဘာကအသိအမှတ်ပြုရတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံသားတိုင်းအတွက် မွေးဖွားလာကတည်းက မတောင်းဘဲရခဲ့တဲ့ မွေးရာပါဆုလာဘ်ကြီးလည်း ဖြစ်ပါတယ်။ ဒီကံကောင်းခြင်းလက်ဆောင်ကို ထိရောက်အကျိုးရှိစွာအသုံးချပြီး ဒီနိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးအောင် တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်ကြဖို့ဟာ နိုင်ငံသားအားလုံးအတွက် မွေးရာပါတာဝန်ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ကိုအခြေခံပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါတယ်။ ဒီစိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်တွေဟာ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပကိုပင် ထုနဲ့ထည်နဲ့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိမှုကို များစွာအထောက်အကူပြုနိုင်ခဲ့ပါတယ်။ ဒီနေ့ကာလအထိလည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍဟာ မြန်မာနိုင်ငံ၏ အဓိကကုန်ထုတ်မှုကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ထဲမှာ နံပါတ်(၂)အချက်အနေနဲ့ **“တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်”**ဆိုပြီး သန္နိဋ္ဌာန်ချဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံတော်ရဲ့ ရေရှည်အကျိုးစီးပွားများကို မျှော်ကိုးပြီး **“မိမိတို့နိုင်ငံ၏ ဘဏ်များ၌ ငွေကြေးပိုင်ဆိုင်မှုစာရင်းများအရ ပုဂ္ဂလိက ပိုင်ဆိုင်မှုများပြားကြောင်း၊ ၎င်းပိုင်ဆိုင်မှုများကို နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးများစွာရှိကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံနိုင်ရေးအားပေးခြင်း၊ အခွင့်အလမ်းရှာဖွေခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုကြောင်း”** မကြာသေးမီက အစည်းအဝေးတစ်ခုမှာ တိုက်တွန်းမှာကြားခဲ့တာကိုလည်း သတိပြုမိပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းတည်ဆောက်ရာမှာ နိုင်ငံခြားငွေကြေး တောင့်တင်းခိုင်မာမှုကလည်း အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံအစိုးရတိုင်းဟာ နိုင်ငံခြားငွေကြေး တောင့်တင်းခိုင်မာဖို့ကို အလေးအနက်ထားပြီး ကြိုးပမ်းဖော်ဆောင်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံမှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ စတင်တာဝန်ယူချိန်ကစပြီး ဆန့်ကျင်ဘက်နိုင်ငံအုပ်စုက နိုင်ငံရေးကိုအကြောင်းပြကာ နိုင်ငံတကာချေးငွေနဲ့ ထောက်ပံ့ငွေအားလုံး ရပ်ဆိုင်းခဲ့တာ၊ နိုင်ငံခြားငွေနဲ့ ပတ်သက်ပြီး အခက်အခဲတွေ ဖြစ်ပေါ်အောင်၊ ဘဏ်စနစ်ထိခိုက်အောင် အဘက်ဘက်ကပိတ်ဆို့မှုတွေလုပ်ဆောင်ခဲ့တာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပပို့ကုန်(Export) တိုးမြှင့်နိုင်အောင်၊ အဲဒီလို ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာအောင် အစဉ်တစိုက် တွန်းအားပေး ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ နည်းလမ်းတစ်ရပ်အနေနဲ့ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများဆောင်ရွက်ရာမှာ တိုက်ရိုက်ငွေပေးချေတဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ရာမှာ အကျိုးဖြစ်ထွန်းမှုရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ကုန်သွယ်မှုမှာ တစ်ဖက်က Border Trade ကို အားပေးဆောင်ရွက်ခဲ့သလို Normal Trade တိုးတက်ရေးအတွက်လည်း အလေးထားဆောင်ရွက်ဖို့ လိုပါတယ်။ တစ်ဖက်ကလည်း ပြည်တွင်းလုပ်ငန်းရှင်များအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ငွေကြေးလည်ပတ်မှုကောင်းမွန်နေအောင် ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုသလို အကျိုးအမြတ်အများကြီး မရှိနိုင်သော်လည်း နိုင်ငံနှင့်ပြည်သူ့မျက်နှာကြည့်ပြီး ဆောင်ရွက်သင့်တဲ့ လုပ်ငန်းများအားလုံး ပုံမှန်လည်ပတ်နေအောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

လက်ရှိအစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး ပြည်ပပို့ကုန်များနှင့် ပတ်သက်လို့ ပို့ကုန်ဝင်ငွေ(Export Earning)အပေါ် သင့်လျော်တဲ့ အချိုးများနှင့် ထိန်းသိမ်းပေးခဲ့တာကို တွေ့ရပါတယ်။ ဒါကလည်း နိုင်ငံနှင့်ပြည်သူရဲ့ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်အောင်၊ နိုင်ငံခြားငွေကြေး ခိုင်မာတောင့်တင်းရအောင် အစိုးရတစ်ရပ်အနေနဲ့ ကောင်းတဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်ခဲ့တာဖြစ်လို့ အားလုံးက ကြည်ဖြူစွာ ဝိုင်းဝန်းဆောင်ရွက်ကြရမယ့် ကိစ္စရပ်သာဖြစ်ပါတယ်။ ဒီလိုပို့ကုန်ဝင်ငွေအပေါ် အချိုးတစ်ရပ်နဲ့ ထိန်းသိမ်းပေးခဲ့လို့လည်း ပြည်တွင်းမှာ စက်သုံးဆီ၊ စားသုံးဆီဈေးနှုန်းများ မတန်တဆကြီးမြင့်မသွားရအောင် ထိန်းသိမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါတောင် မသမာသူအုပ်စုအချို့က စားသုံးဆီဈေးနှုန်းတွေကြီးမြင့်အောင် နည်းလမ်းစုံသုံးပြီး ဆွဲတင်ခဲ့တဲ့အတွက် ပြည်သူအများစု ထိခိုက်နစ်နာမှုတွေရှိခဲ့တာ၊ နိုင်ငံတော်အနေနဲ့ အဲဒီမသမာသူတွေကို ဥပဒေနဲ့အညီ ထိရောက်တဲ့ပြစ်ဒဏ်တွေ ချမှတ်ပြီး အချိန်တိုအတွင်း စားသုံးဆီဈေးနှုန်းတွေ တည်ငြိမ်လျော့ကျလာအောင် ထိန်းသိမ်းပေးနိုင်ခဲ့တာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒါတောင်မှ လက်ရှိကာလမှာ Export လုပ်ကိုင်သူတွေက အနစ်နာခံပြီး ဆောင်ရွက်နေရပေမဲ့ Import လုပ်ကိုင်သူတွေကတော့ သာသာယာယာနဲ့ အကျိုးဖြစ်ထွန်းနေပါတယ်ဆိုတဲ့ အသံတွေလည်း ရှိနေပါသေးတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အနေနဲ့ Export သမားတွေအတွက် တတ်နိုင်သမျှ ဖြေလျှော့ပေးနိုင်ဖို့ ကြိုးစားခဲ့တာကို အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။

ဒီဇင်ဘာလ ၇ ရက်နေ့က မြန်မာ့အလင်း သတင်းစာ စာမျက်နှာ-၂ မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပို့ကုန်တင်ပို့သူများ(Exporters) အတွက် သတင်းကောင်းဖြစ်တဲ့ အမိန့်ကြော်ငြာစာတစ်ခု ထုတ်ပြန်ကြေညာခဲ့တာကို ဖတ်လိုက်ရပါတယ်။ အမိန့်ကြော်ငြာစာရဲ့ အဓိက သတင်းကောင်းကတော့ **“အပိုဒ် ၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်”** ဆိုတဲ့အချက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၂၃)မှာ **“ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ဖြစ်ကြောင်း”** လျှော့ချပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး ယခုတစ်ဖန် ထပ်မံလျှော့ချပေးခဲ့တာဖြစ်လို့ နိုင်ငံတော်အနေနဲ့ ပို့ကုန်တင်ပို့သူများ(Exporters)ကို ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် စဉ်းစားဖြေလျှော့ဆောင်ရွက်ခဲ့တဲ့အချက်ကို အထင်းသားမြင်တွေ့ရမှာ ဖြစ်ပါတယ်။

အခုဆိုရင် ပို့ကုန်ရငွေရဲ့ ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း လဲလှယ်ရတော့မှာဖြစ်ပြီး ကျန် ၆၅ ရာခိုင်နှုန်းကို ပြင်ပဈေးကွက်ပေါက်ဈေးအတိုင်း လဲလှယ်ဆောင်ရွက်နိုင်တော့မှာ ဖြစ်တဲ့အတွက် ပို့ကုန်ပစ္စည်းအမယ်များ မြန်မြန်ဆန်ဆန်၊ လွယ်လွယ်ကူကူ၊ ချောချောမွေ့မွေ့ ပိုမိုတင်ပို့နိုင်ဖို့ အခွင့်အလမ်းကောင်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီသတင်းနှင့်ဆက်စပ်ပြီး ပို့ကုန်တင်ပို့သူများ(Exporters) အတွက်သာမကဘဲ ပို့ကုန်ရငွေကို ပြန်လည်အသုံးချပြီး သွင်းကုန်တင်သွင်းလိုတဲ့ တင်သွင်းသူ(Importers)များအတွက်လည်း ဈေးကွက်ပေါက်ဈေးနဲ့ နိုင်ငံခြားငွေကို လွယ်လွယ်ကူကူ စီမံဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ပြည်တွင်းမှာ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကို အထူးအားပေးဆောင်ရွက်နေတာ အားလုံးအသိအမြင်ပဲ ဖြစ်ပါတယ်။ Non-Trade Income များ ပိုမိုရရှိနိုင်အောင် ကြိုးပမ်းနိုင်မှသာ ကုန်သွယ်မှုအပေါ် မှီခိုနေရမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံမှာဖြစ်နေတာက အကျိုးအမြတ်တစ်ခုထဲကြည့်ပြီး ကုန်ထုတ်လုပ်ငန်းလုပ်ဖို့ စိတ်ဝင်စားမှုအားနည်းတဲ့ လုပ်ငန်းရှင်က အများစုဖြစ်နေတာပါပဲ။ ဒါကြောင့် နိုင်ငံတော်က အကျိုးအမြတ်နည်းပေမယ့် များများထုတ်လုပ်၊ များများလည်ပတ်နိုင်မယ်ဆိုရင် အကျိုးရှိမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မာတဲ့ အကျိုးဖြစ်ထွန်းမှုရှိမှာဖြစ်လို့ ကုန်ထုတ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြဖို့ စည်းရုံးတိုက်တွန်းနေရတာ ဖြစ်ပါတယ်။

ပို့ကုန်ရငွေ မူဝါဒအပြောင်းအလဲပေါ် အမှီပြုပြီး ထုတ်ကုန်တွေများများထုတ်လုပ်၊ များများတိုးတက်တင်ပို့လာနိုင်တာနဲ့အမျှ နိုင်ငံတော်အတွင်းကို နိုင်ငံခြားသုံးငွေကြေးများ ပိုမိုတိုးတက်စီးဆင်းဝင်ရောက်လာမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း နိုင်ငံခြားသုံးငွေများ အကျိုးမဲ့သုံးစွဲမှုမဖြစ်ရအောင် သွင်းကုန်ပစ္စည်းအမယ်များကို ဦးစားပေး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) စသည်ဖြင့် ပြည်တွင်းလိုအပ်ချက်အပေါ်မူတည်ပြီး နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီရဲ့စိစစ်မှုနဲ့ ပုံမှန်တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ ဒီကော်မတီက ဒီလိုအစဉ်တစိုက် စိစစ်ထိန်းသိမ်းပေးနေမှုကြောင့်သာ ရှေ့မှာပြောခဲ့တဲ့ စက်သုံးဆီ၊ စားသုံးဆီအပါအဝင် နိုင်ငံနဲ့ပြည်သူအတွက် မရှိမဖြစ်လိုအပ်တဲ့ အရေးကြီးကုန်စည်တွေကို သက်သာလွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ခြင်းဖြစ်လို့ ရင်ထဲက ကျေးဇူးစကားဆိုမိပါတယ်။

ဒီရက်ပိုင်းအတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေက စက်သုံးဆီဆိုင်တွေမှာ ကားတွေ၊ ဆိုင်ကယ်တွေတန်းစီပြီး စက်သုံးဆီဝယ်ယူနေရတာကို အကြောင်းပြကာ စက်သုံးဆီတွေပြတ်လပ်နေပြီ၊ နိုင်ငံခြားသုံးငွေပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေ ပလူပျံလာတာကို အားလုံးမြင်တွေ့ကြားသိရမှာ ဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံနဲ့ပြည်သူအကျိုးကိုမလိုလားတဲ့၊ နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုကို မရှုဆိတ်နိုင်တဲ့ ပြည်ပသြဇာခံ ပြည်ဖျက်မီဒီယာများရဲ့ လုပ်လေ့လုပ်ထရှိတဲ့ ဝါဒဖြန့်ထိုးနှက်တိုက်ခိုက်မှုသာဖြစ်ပါတယ်။ ဒီလိုပဲ အကြိမ်ကြိမ်လုပ်ကြံ ဝါဒဖြန့်ခြောက်လှန့်ခဲ့ကြတာ ရိုးပဲမရိုးနိုင်ကြသလို ပြည်သူအချို့အတွက်လည်း အကြိမ်ကြိမ်အလိမ်ခံရပေမယ့် သင်ခန်းစာယူပြီး အမှန်မမြင်နိုင်ကြသေးတာ ဝမ်းနည်းစရာပါပဲ။ ဒီလိုလုပ်ကြံ အမှောင့်အဆိပ်အတောက် သတင်းမှားတွေကို ခွဲခြားသိမြင် ဆင်ခြင်နိုင်ဖို့အတွက် နိုင်ငံတော်ကထုတ်ပြန်တဲ့ တရားဝင်သတင်းမှန်များကို ရွေးချယ်လက်ခံတတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

စက်သုံးဆီဆိုတာ နိုင်ငံတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူရဲ့ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးမှသည် နိုင်ငံရေး စစ်ရေးအထိ စက်သုံးဆီက အရေးပါပါတယ်။ နိုင်ငံရဲ့ ယန္တရားကြီး ပုံမှန်လည်ပတ်နိုင်ဖို့ စက်သုံးဆီဟာ အရေးကြီးလိုအပ်ချက်ဖြစ်တဲ့အတွက် နိုင်ငံတော်အပိုင်းက သွင်းကုန်ပစ္စည်းများအနက် ဦးစားပေး(၁)အနေနဲ့သတ်မှတ်ပြီး တင်သွင်းခွင့်ပြုနေတာ ပြည်သူအားလုံး သိနားလည်စေချင်ပါတယ်။

စာမျက်နှာ ၁၀ သို့ ☆

✻ ကျောဖုံးမှ

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီများမှ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အတည်ပြုချက်ရယူပြီးဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ ပထမအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး သက်ဆိုင်ရာ ဆပ်ကော်မတီများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြခဲ့ကြပြီး လိုအပ်ချက်များကိုလည်း ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်း၍ ဖိတ်ကြားရေး၊ ပိုစတာဆိုင်းဘုတ်စိုက်ထူရေး၊ အလံတင်အခမ်းအနားကျင်းပရေး၊ သဝဏ်လွှာဖတ်ကြားခြင်း၊ ညစာစားပွဲအတွက်ဖိတ်ကြားခြင်း၊ ဧည့်ခံကျွေးမွေးခြင်းနှင့် အခမ်းအနား ကျင်းပမည့် အစီအစဉ်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏ အတည်ပြုချက်ကို ရယူပြီးဖြစ်ကြောင်း။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပရေးနှင့် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြအတည်ပြုရန်လိုကြောင်း၊ အခမ်းအနားကျင်းပရန် ၂၇ ရက်သာ လိုအပ်သည့်အတွက် လစ်ဟာမှုမရှိအောင် အသေးစိတ် ပြင်ဆင် ဆောင်ရွက်ထားကြရန်လိုကြောင်း၊ လုံခြုံရေးနှင့် စပ်လျဉ်းပြီး မူလစီမံချက်အပြင် လူတစ်ဦးချင်းလုံခြုံရေး၊ နယ်မြေလုံခြုံရေးနှင့်အခမ်းအနားတစ်ခုလုံး လုံခြုံရေးကိစ္စရပ်များကို အသေးစိတ်စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးကော်မတီတို့က ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၉ မှ

နိုင်ငံတော်အနေနဲ့ စက်သုံးဆီကို ပြည်သူတွေ သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူသုံးစွဲအောင် စနစ်တကျ ကြီးကြပ်စီမံဆောင်ရွက်ပေးခဲ့တာ စတင်တာဝန်ယူချိန်ကနေ ယနေ့ချိန်ထိပဲ ဖြစ်ပါတယ်။ အခုလည်း ထိန်းသိမ်းဆောင်ရွက်ပေးနေသလို နောင်လည်း အလေးထားဖြည့်ဆည်း ဆောင်ရွက်နေဦးမှာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စက်သုံးဆီဈေးနှုန်းဟာ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ရင် အသက်သာဆုံးဖြစ်တယ်ဆိုတာလည်း တာဝန်ရှိသူတွေက အကြိမ်ကြိမ်ရှင်းလင်းပြောကြားခဲ့လို့ အားလုံးသိပြီးဖြစ်ပါတယ်။ အစိုးရကတစ်နိုင်ငံလုံး သက်သက်သာသာနဲ့ လုံလုံလောက်လောက်သုံးနိုင်အောင် ရရှိတဲ့နိုင်ငံခြားငွေကြေးကနေ အတတ်နိုင်ဆုံး စိုက်ထုတ်ကျခံသုံးစွဲပြီး စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

နိုင်ငံတော်က တရားဝင်ထုတ်ပြန်ထားတဲ့ သတင်းများအရ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်ပေါင်း ၃၃၉၁ ဆိုင်ကို ဆီသယ်ယာဉ်(Bowser)များနဲ့ 92 Ron၊ 95 Ron၊ ဒီဇယ်ဆီ၊ ပရီမီယမ်ဒီဇယ်ဆီတွေကို မြန်ဆန်စွာပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး ဆိပ်ကမ်းမှာရှိတဲ့ Terminal တွေကနေ ဆီတင်ယာဉ်များနဲ့ အဆက်မပြတ် ဖြည့်တင်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဒ့ါအပြင် ပြည်ပက ဆီတင်သင်္ဘော ၁၀ စင်းဟာ ပင်လယ်ဝမှာ လည်းကောင်း၊ ဆီတင်သင်္ဘော သုံးစင်းဟာ သီလဝါဆိပ်ကမ်းဒေသမှာရှိတဲ့ Jetty တွေမှာလည်းကောင်း အသင့်စောင့်ဆိုင်းလျက်ရှိပြီး သက်ဆိုင်ရာ Terminal များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းလည်း မှတ်သားမိပါတယ်။

ဒါကြောင့် လက်ရှိအခြေအနေမှာ ပြည်သူများအနေနဲ့ ကောလာဟလသတင်းများကြောင့် စက်သုံးဆီပြတ်လပ်မှုနဲ့ ဈေးနှုန်းကြီးမြင့်လာမှာကို စိုးရိမ်ပူပန်မှုများကို လျှော့ချပြီး ပုံမှန်အတိုင်းသာ ဝယ်ယူသုံးစွဲမှုပြုသင့်ကြပါတယ်။ ပုံမှန်ပြည်တွင်းသုံးစွဲမှုပမာဏထက် ပိုမိုများပြားစွာ ဝယ်ယူနေကြခြင်းဟာ နိုင်ငံ့စီးပွားတည်ငြိမ်မှုနှင့် နိုင်ငံခြားငွေကြေးဈေးနှုန်းအပေါ် ဆိုးကျိုးသက်ရောက်နိုင်တာကို နားလည်သဘောပေါက်သင့်ပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ စက်သုံးဆီအရောင်းဆိုင်များရဲ့ ဖြည့်တင်းပေးနိုင်မှုစွမ်းအားနှင့်အညီ ပုံမှန်သုံးစွဲမှုပမာဏအတိုင်း စဉ်ဆက်မပြတ် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ပါကြောင်းနဲ့ မိမိတို့ လိုအပ်သည်ထက် ပိုမိုဝယ်ယူစုဆောင်းရန် မလိုအပ်ပါကြောင်း လေးစားစွာအသိပေးလိုပါတယ်။

ပြန်ချုပ်ရရင်တော့ ပို့ကုန်တင်ပို့သူတွေ (Exporters)အတွက် ပို့ကုန်ရငွေကနေ ၃၅ ရာခိုင်နှုန်းသာ နိုင်ငံတော်ဗဟိုဘဏ်ဈေးသတ်မှတ်ချက်အတိုင်း လဲလှယ်ဆောင်ရွက်ရမှာဖြစ်ပြီး ကျန် ၆၅ ရာခိုင်နှုန်းကို ပြင်ပဈေးကွက်ပေါက်ဈေးအတိုင်း ဆောင်ရွက်နိုင်တော့မှာဖြစ်တာကြောင့် ပို့ကုန်များ ပိုမိုတင်ပို့နိုင်မယ့် အခွင့်အရေးကောင်းဖြစ်ပါကြောင်း၊ ပို့ကုန်ရငွေကို ပြန်လည်အသုံးပြုပြီး နိုင်ငံအတွက် အရေးကြီးလိုအပ်တဲ့ သွင်းကုန်များကို တင်သွင်းနိုင်ဖို့အတွက်လည်း နိုင်ငံခြားငွေကို ဈေးကွက်ပေါက်ဈေးနဲ့ လွယ်လွယ်ကူကူ စီမံဆောင်ရွက်နိုင်ခွင့်ရှိမှာဖြစ်ပါကြောင်း။ ဒီလိုတင်သွင်းနိုင်ခြင်းအားဖြင့် ဒီနေ့ရေးကြီးခွင့်ကျယ်လုပ်နေတဲ့ စက်သုံးဆီပြတ်လပ်မှုဆိုတဲ့ ကောလာဟလတွေဟာ နေလာနှင်းပျောက်ဆိုသလို အချိန်တိုအတွင်း လွင့်စင်ကွယ်ပျောက်ပြီး ပုံမှန်အခြေအနေကို ရောက်ရှိတော့မှာဖြစ်ပါကြောင်း နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးမျှော်ကိုးပြီး ကြေညာမောင်းခတ်လိုက်ရကြောင်းပါခင်ဗျာ။ ။

---

# "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၈**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ **"ဘယ်သူမှန်လဲ အပြိုင်ကြဲ"** အစီအစဉ်သစ်ကို အပတ်စဉ်တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုအပတ်တွင် "လက်ထပ်ထိမ်းမြားခြင်း အခမ်းအနားကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ဆောင်သင့်တယ် "၊ " လက်ထပ်ထိမ်းမြားခြင်း အခမ်းအနားကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မလုပ်ဆောင်သင့်ဘူး"ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် တင်ဆက်သူ လူငယ်သရုပ်ဆောင် ထူးပြည့်အောင်နှင့်အတူ သက်ထားနှင့် ကျော်သီဟတို့က တက်ရောက်လာကြသည့် လူငယ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် တနင်္ဂနွေနေ့ ညနေ ၆ နာရီသတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၄ ရက် ကြာသပတေးနေ့ ညနေ ၆ နာရီသတင်းအပြီးတွင်လည်း (Replay) ထပ်မံ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




❒ MNL မှ

ခြေစွမ်းမကွာသည့်အသင်းနှစ်သင်း တွေ့ဆုံသည့်အပြင် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသော နှစ်သင်းတွေ့ဆုံခြင်းဖြစ်သောကြောင့် အပြန်အလှန်ရှိခဲ့ပြီး ပွဲပြီးခါနီးဂိုးဖြင့် ရတနာပုံအသင်းက အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးကို မိနစ် ၈၀ တွင် အံ့မော်ဦးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အံ့မော်ဦးက ရရှိသည်။ ယခုပွဲအပြီးတွင် ရှေဝတီအသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၃ မှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက GFA အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ မြဝတီအသင်းအတွက် ဂိုးများကို ၄၈၊ ၇၀ မိနစ်တို့တွင် သက်ဝေမိုး၊ ၆၁ မိနစ်တွင် သီဟဇော်၊ ၆၃ မိနစ်တွင် သန့်ဇင်အောင်က သွင်းယူခဲ့ပြီး GFA အသင်းအတွက် ချေပဂိုးကို ၅၁ မိနစ်တွင် ဟိန်းသက်ဖြိုးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သက်ဝေမိုးက ရရှိသည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက ၂၈ မှတ်၊ GFA အသင်းက ၁၂ မှတ်ရရှိထားသည်။

ပွဲစဉ်(၁၆)တတိယနေ့ကို ဒီဇင်ဘာ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

❍ MFF မှ

ဒုတိယနေ့တွင် YRG အသင်းနှင့် Divine အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ပထမနေ့တွင် နိုင်ပွဲရထားသည့် YRG အသင်းသည် သရေရလဒ်သာ ရယူနိုင်ခဲ့ပြီး ပထမဆုံးပွဲအဖြစ် ကစားရသည့် Divine အသင်းမှာမူ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ ဒုတိယပိုင်းသွင်းဂိုးများဖြင့် သရေကျခဲ့ခြင်းဖြစ်ပြီး Divine အသင်းအတွက် ဂိုးများကို ၂၆ မိနစ်တွင် ဇွန်သဲဦး၊ ၃၉ မိနစ်တွင် နှင်းစန္ဒာလှိုင်တို့က သွင်းယူပြီး YRG အသင်းအတွက် ဂိုးများကို ၂၈ မိနစ်တွင် ဆုဝါလွင်နှင့် ၃၇ မိနစ်တွင် သန်းသန်းဝေတို့က သွင်းယူခဲ့သည်။ ဒုတိယနေ့တွင် ကျင်းပရန် စီစဉ်ထားသည့် Burmese Bees အသင်းနှင့် ရွှေပြည်သာအသင်းပွဲကို ကျင်းပနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတတိယနေ့ကို ဒီဇင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ– MFF**

---

# ထိုင်ဝမ်သကြားပြောင်းဖူး စိုက်ပျိုးလုပ်ကိုင်ရောင်းချသူများ ဈေးနှုန်းသင့်တင့်၍ ဝင်ငွေပိုမိုရရှိ

**မြင်းမူ ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိမိတို့၏ ရိုးရာ တောင်သူလုပ်ငန်းအပြင် အခြားသီးပင်/စားပင်များကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ထိုင်ဝမ်ပြောင်းဖူးသည် ဝယ်လိုအားရှိသည့် သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးရောင်းချသူများ ဝင်ငွေ ပိုမိုရရှိလျက်ရှိကြောင်း သိရသည်။

ထိုင်ဝမ်သကြားပြောင်းဖူးပင်မှာ စိုက်ပျိုးပြီး နှစ်လအကြာတွင် အဖူးများစတင်ထွက်ရှိကြောင်း၊ ယခုခြံအတွင်း အပင် ၅၀၀၀ ကို စိုက်ပျိုးထားရှိကြောင်း၊ မျိုးအနေဖြင့် နံပါတ်(၇၀၂)ထိုင်ဝမ်အမျိုးအစားဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့နှင့် လုပ်အားခအပါအဝင် စုစုပေါင်းငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျမှုရှိကြောင်း၊ စိုက်ပျိုးပြီးရက်ပေါင်း ၈၀ ခန့်အရောက်တွင် ချိုးယူရောင်းချနိုင်ပြီး ပြောင်းဖူးပင်တစ်ပင်လျှင် မိမိစိတ်ကြိုက် အကောင်းဆုံး အဖူးကိုစတင်ခူးယူနိုင်ကြောင်း၊ နောက်ခူးယူမည့် ဒုတိယအသီးမပါ တစ်ပင်လျှင် တစ်ဖူးနှုန်းဖြင့် အဖူး ၅၀၀၀ ခန့်ရရှိပြီး လက်ရှိဈေးအရ တစ်ဖူးလျှင် ငွေကျပ် ၂၀၀(ဖောက်သည်ဈေး) ဖြင့် ရောင်းချမည်ဆိုပါက ငွေကျပ် ၁၀၀၀၀၀ ခန့်ပြန်လည်ရရှိကြောင်း မြစ်ပေါက်ကျေးရွာမှ ပြောင်းဖူးစိုက်ပျိုးလုပ်ကိုင်နေသူ ဦးဖိုးဇော်ထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘားအံမြို့၌ ကျင်းပသည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပဒေသာကပွဲ တက်ရောက်အားပေး

ဘားအံ ဒီဇင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ညပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းဒုံးစင်မြင့်၌ ကျင်းပသည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ပဒေသာကပွဲကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ပဒေသာကပွဲကို ပြည်သူများစိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် အမျိုးသားအောင်ပွဲနေ့၏ အနှစ်သာရများ ရရှိခံစားနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပဒေသာကပွဲတွင် ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ငြိမ်းချမ်းတဲ့ မြန်မာပြည်၊ သွေးချင်းတို့ရဲ့ဌာနေ၊ အလှကမ္ဘာမြေ၊ ပင်လုံသက်သေချစ်သောမြေ၊ လတ်တီး တေးသီချင်းများဖြင့် တေးသရုပ်ဖော်သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်း၊ ရှမ်း ယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့်လည်းကောင်း၊ Unpluagged တီးဝိုင်းနှင့်တွဲဖက်၍ တေးသံရှင် ဇင်ကြီး၊ ကရင်တေးသံရှင် လုံးမာန်၊ ဖော့ဆိုခန့်နှင့် အဖွဲ့တို့က နှစ်သက်ရာ တေးသီချင်းများဖြင့်လည်းကောင်း ပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ အမိတာရာမ ရဲကျောင်းဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရ အမှူးပြုသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြ ရာ ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကရင်ပြည်နယ် ပြည်သူ့ဆေးရုံကြီး(ဘားအံ) သုံးထပ်တိုးချဲ့လူနာဆောင်၌ ပြည်နယ်အတွင်း မြို့နယ်များရှိ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဖူးမြော်ကြည်ညိုသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ အမိတာရာမ ရဲကျောင်းဆရာတော် ဘဒ္ဒန္တဂုဏာ လင်္ကာရ အမှူးပြုသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)မှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက စစ်ဆေးရရှိသော အဖြေများအရ လိုအပ်သောစစ်ဆေးမှုများ၊ ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်ပါက အထက်အဆင့်သို့ ညွှန်းပို့ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် အာရှအကောင်းမွန်ဆုံး ဖန်တီးမှုများအကယ်ဒမီ ဆုချီးမြှင့်ပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

စင်ကာပူ ဒီဇင်ဘာ ၈

ရုပ်ရှင်၊ ရုပ်သံလောကတွင် ဂုဏ်သိက္ခာမြင့်မားသောဆုတစ်ခုဖြစ်သည့် ၂၀၂၃ ခုနှစ် အာရှအကောင်းမွန်ဆုံးဖန်တီးမှုများ အကယ်ဒမီဆု (2023 Asian Academy Creative Awards) ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၇ ရက်က စင်ကာပူနိုင်ငံ ဝိတိုရိယလမ်း အမှတ် (၃၀)ရှိ CHIJMES ခန်းမတွင် ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်ညွှန်ကြားရေးမှူး ဦးစောမြင့်ဇော်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲကို CHIJMES ခန်းမတွင် ယမန်နေ့ နံနက် ၁၁ နာရီခွဲမှ မွန်းလွဲပိုင်းအထိ ထူးချွန်ဆု ၁၆ ဆုကိုလည်းကောင်း၊ ညနေ ၅နာရီမှ ည ၁၀ နာရီ အထိ နောက်ဆုံးဆန်ခါတင်ထူးချွန်ဆု ၂၀ ကိုလည်းကောင်း လုပ်ဆောင်မှုများအလိုက် အကောင်း ဆုံးပြကွက်များပြသပြီး အာရှတစ်ဝန်းရှိ အနုပညာလောကမှ ထင်ပေါ်ကျော်ကြားသူများက ထူးချွန်ဆုရရှိသူများကို ဖွင့်ဖောက်ကြေညာ၍ ရွှေရောင်နတ်မိမယ်ရုပ်တု (Golden Goddess Statue ) ဆုများအား ချီးမြှင့်ပေးသည်။

အဆိုပါ ဆုချီးမြှင့်ပွဲကို အာရှပစိဖိတ်ဒေသအတွင်း ၁၆ နိုင်ငံမှ ရုပ်ရှင်နှင့် ရုပ်သံနယ်ပယ်တွင် အကောင်းဆုံးပြသခဲ့မှုများမှ ရွေးချယ်၍ ၂၀၁၈ ခုနှစ်မှ စတင်ကာ စင်ကာပူနိုင်ငံ Capitol ပြဇာတ်ရုံတွင် ဆုချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် ဒီဇင်ဘာလများ၌ ပုံမှန်ကျင်းပခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် Virtual စနစ်ဖြင့် ကျင်းပခဲ့ရကြောင်း၊ ယင်းဆုများကို သက်ဆိုင်ရာနယ်ပယ်များတွင် အနည်းဆုံး သက်တမ်းငါးနှစ်ရှိသည့် ကျွမ်းကျင်ပညာရှင်များအား ဒိုင်အဖွဲ့အဖြစ် ရွေးချယ်ပြီး ဆုအမျိုးအစား ၃၈ မျိုးကို ဆုချီးမြှင့်ခြင်းဖြစ်သည်။

ယင်းသို့ မြန်မာနိုင်ငံမှ ၂၀၁၉ ခုနှစ်တွင် လိပ်ပြာစံအိမ်ဇာတ်ကား (The Only Mom by Brave Empire Entertainment) ဖြင့် ကလေးသရုပ်ဆောင် ပြည့်ပြည့်က အကောင်းဆုံးဇာတ်ပို့ဆု (Best Actress in a Supporting Role) ကိုလည်းကောင်း၊ အကောင်းဆုံးဇာတ်လမ်းတိုဆု(Best Short Form Content Role)ကို မွန်ကြီး ထုတ်လုပ်ရေးမှ (Still / Life )ဖြင့်လည်းကောင်း၊ ဝတ်မှုန်ရွှေရည်က



အမျိုးသမီးဇာတ်ဆောင်ဆု(National Winner ) ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် လိပ်ပြာ ( Lakepyar ) ရုပ်သံဇာတ်လမ်းတွဲမှ ရုပ်ရှင်ခေါင်းစဉ်အမည်နှင့် ဇာတ်ဝင်တေး) သီချင်းဆု ( The Best Theme Song or TitLe Theme)ကို ဒယ်နီရယ်စောက လည်းကောင်း ၊ ယခု၂၀၂၃ ခုနှစ်တွင် တမြေ့မြေ့မိုးဇာတ်လမ်းတွဲဖြင့် အေးချမ်းမောင်နှင့် ပန်းရောင်ချယ်တို့ကလည်းကောင်း၊ ချိုခါးဆိမ့်သက် အချစ်တစ်ခွက် ဇာတ်လမ်းတွဲဖြင့် ဆုထက်ကလည်းကောင်း၊ ရန်ကုန်ညများ ဇာတ်လမ်းတွဲဖြင့် ဒါရိုက်တာစိုင်းဉာဏ်လင်းဆက်က လည်းကောင်း (National Winner) ဆုများအသီးသီးရရှိကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုပြီး ရုပ်ရှင်/ရုပ်သံဖန်တီးမှုများ ပေးပို့ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြင့် နိုင်ငံတကာတွင် မြန်မာတို့၏ ဖန်တီးမှုစွမ်းရည်များကို ပြသနိုင်ကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့်လည်း ဒေသအတွင်းရှိ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အကောင်းဆုံး ဖန်တီးမှုလက်ရာများနှင့် ၎င်းတို့၏ အကဲဖြတ်စနစ်များကို လေ့လာခွင့် ရရှိခဲ့သည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်မှုများရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၈

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တို့အတွက် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာဘွဲ့၊ ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာဘွဲ့၊ ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာဘွဲ့၊ ဝိဇ္ဇာဘွဲ့ (ဂီတ) (သဘင်) (ပန်းချီ) (ပန်းပု) (ရုပ်ရှင်နှင့်ပြဇာတ်)၊ အချိန်ပိုင်းအနုပညာဒီပလိုမာဘွဲ့နှင့် အနုပညာကွန်ပျူတာဒီပလိုမာဘွဲ့တို့ကို အပ်နှင်းသည့် (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးက ဘွဲ့များအပ်နှင်းချီးမြှင့်သည်။

(၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာဘွဲ့ ၁၇ ဦး၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာဘွဲ့ခုနစ်ဦး၊ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာဘွဲ့ ရှစ်ဦး၊ ဝိဇ္ဇာဘွဲ့ ၂၁ ဦး၊ အချိန်ပိုင်းအနုပညာဒီပလိုမာ ၁၃ ဦး၊ အနုပညာကွန်ပျူတာဒီပလိုမာ ၈၀ စုစုပေါင်း ၁၄၆ ဦးကိုလည်းကောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ခုနစ်ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့သုံးဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့နှစ်ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၂၃ ဦး၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာဘွဲ့ ၁၂ ဦး၊ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာဘွဲ့ ၁၃ ဦး၊ ဝိဇ္ဇာဘွဲ့ ၃၁ ဦး စုစုပေါင်း ၉၁ ဦးကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာဘွဲ့ ၁၃ ဦး၊ ဘွဲ့လွန် ပြတိုက်ပညာဒီပလိုမာဘွဲ့ ၁၆ ဦး၊ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာဘွဲ့ ၁၈ ဦး၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာဘွဲ့ ၂၄ ဦး၊ ဝိဇ္ဇာဘွဲ့ ၂၉ ဦး တို့ကို ဘွဲ့များအပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ၁၁-၁၂-၂၀၂၃ ရက်နေ့မှစတင်၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင် လည်းကောင်း ကြေညာထားမည် ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

“ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့
UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION”

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ် စစ်တောင်းမြစ်ကူး ပေါင်းလောင်း-ကြို့ပင်သာ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု စစ်တောင်းမြစ်ကူး ပေါင်းလောင်း-ကြို့ပင်သာ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင် သို့ရောက်ရှိပြီး သမဝါယမအသင်းသားတောင်သူများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက စစ်တောင်းမြစ်ကူး ပေါင်းလောင်း-ကြို့ပင်သာ သံကူကွန်ကရစ် တံတားဆောက်လုပ်နေမှု၊ လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာနဦးစီးမှူးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးခဲ့သော မိုးစပါးအထွက်နှုန်းကိစ္စရပ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ခဲ့သည့် သွင်းအားစုနှင့် ညီမျှသောငွေအတွက် သီးနှံရောင်း၍ ပြန်လည်ပေးသွင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် သမဝါယမအသင်းသားတောင်သူများ၊ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ခဲ့သည့် သွင်းအားစုနှင့် ညီမျှသောငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းစေလိုကြောင်း၊ စိတ်တူ ကိုယ်တူ ဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်း၍ စီးပွားဖြစ် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေး အားလုံးပူးပေါင်းလုပ်ဆောင်ကြစေလိုကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုတွင် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီခွင့်ပြု ရန်ပုံငွေတို့ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော စစ်တောင်းမြစ်ကူး ပေါင်းလောင်း-ကြို့ပင်သာ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ကြိုးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါ စစ်တောင်းမြစ်ကူး ပေါင်းလောင်း-ကြို့ပင်သာ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၃၇၆၇ အိမ်၊ လူဦးရေ ၁၈၀၀၀ ကျော်တို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အကျိုးပြုပေးနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနား တက်ရောက်

**မုံရွာ ဒီဇင်ဘာ ၈**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုတိုင်းသည် ပိုမိုလုံခြုံသော၊ ပိုမိုတန်းတူညီမျှမှုရှိသော၊ ပိုမိုငြိမ်းချမ်းသာယာသော ပတ်ဝန်းကျင်တစ်ခုဆီသို့ ဦးတည်နေသည့် ခြေလှမ်းများပင် ဖြစ်ကြောင်း၊ gender equality and Women’s Empowerment ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီးငယ်များအားလုံး စွမ်းပကားမြင့်မားရေးပန်းတိုင်သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံ အားလုံးအဆုံးသတ်စေရေးနှင့် အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျခိုင်မာသည့် ရည်ရွယ်ချက်တစ်ခု ဖြစ်ကြောင်း၊ အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲဖြစ်သည့် စိတ်ကျန်းမာရေး ပြဿနာများသည် အမျိုးသမီးများ၏ ကျန်းမာပျော်ရွှင်မှုအပေါ် ဆိုးရွားစွာထိခိုက်မှုရှိပြီး စိတ်ပိုင်းဆိုင်ရာပြဿနာများကပင် အမျိုးသမီးများ၏ အိမ်တွင်းနှင့်အိမ်ပြင်ပတို့၌ အလုပ်လုပ်နိုင်စွမ်း၊ ကလေးများအား ပြုစုစောင့်ရှောက်နိုင်စွမ်း၊ လူ့အသိုင်းအဝိုင်းကြား တက်ကြွစွာပါဝင်နိုင်စွမ်းတို့အပေါ် များစွာသက်ရောက်မှုရှိနေကြောင်း၊ အမျိုးသမီးအပေါ် ပုံစံမျိုးစုံသည့် အကြမ်းဖက်မှုများအား ကြုံတွေ့နေရမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာနှောင့်နှေးစေမည် ဖြစ်ကြောင်း။

**တိုက်တွန်းပြောကြား**

အမျိုးသမီးများ၏ အခွင့်အရေးကို ဖော်ထုတ်ပေးခြင်း၊ စွမ်းဆောင်ရည်နှင့် အရည်အသွေးများအား မြှင့်တင်ပေးပြီး အသိအမှတ်ပြုပေးခြင်း၊ မိန်းကလေးငယ်များနှင့် အမျိုးသမီးများကြုံတွေ့နေရသည့် အခက်အခဲအတားအဆီးများကို ကြိုတင်ဖြေရှင်းပေးခြင်းများသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ခြင်းပင် ဖြစ်ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ပေးရန်အတွက် လုံလောက်သည့် အရင်းအမြစ်များ ခွဲဝေချထားပေးခြင်း၊ ပံ့ပိုးပေးခြင်း၊ လက်လှမ်းမီရရှိအောင် စီစဉ်ထားရှိပေးခြင်းတို့သည် ကောင်းမွန်အကျိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး အမျိုးသမီးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆) ရက်တာလှုပ်ရှားမှုနေ့ ပေါ်ပေါက်လာပုံနှင့် အမျိုးသမီးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံခရီးစဉ်အတွင်း MoU မြန်မာလုပ်သားများနှင့် တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၈**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အလုပ်သမားရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာ-ထိုင်း နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ထိုင်းနိုင်ငံသို့ရောက်ရှိနေစဉ် ယနေ့မွန်းလွဲပိုင်းတွင် ရစ်ချဘူရီမြို့ရှိ Thai Tan Food စက်ရုံနှင့် Star Food စက်ရုံရှိ MoU မြန်မာအလုပ်သမားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက Thai Tan Food စက်ရုံရှိ MoU မြန်မာလုပ်သားများနှင့် တွေ့ဆုံရာတွင် ရရှိလစာ၏ ၂၅ ရာခိုင်နှုန်းကို မိသားစုထံပေးပို့ကြရန်၊ Remittance Management System Mobile Application ဖြင့် မိသားစုများထံ တရားဝင်လမ်းကြောင်းမှ အလွယ်တကူငွေလွှဲစနစ်ဖြင့် လွှဲပို့နိုင်ရေး ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားလှယ်က အခွန် နှစ်ရာခိုင်နှုန်းအကြောင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားလှယ်က EID စနစ်အကြောင်း ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားတစ်ဦးချင်းအား ထောက်ပံ့ငွေများပေးအပ်၍ အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Star Food စက်ရုံရှိ MoU မြန်မာလုပ်သားများကို တွေ့ဆုံ၍ Remittance Management System Mobile Application ဖြင့် တရားဝင်လမ်းကြောင်းမှ ငွေလွှဲစနစ်အကြောင်းကို ရှင်းလင်းပြောကြား၍ လက်တွေ့သရုပ်ပြသပြီး မြန်မာလုပ်သားများအနေဖြင့် လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းများ လိုက်နာရေးနှင့် အလုပ်သမားဥပဒေပါရပိုင်ခွင့်များ ပြည့်ပြည့်ဝဝရရှိရေး အခြေခံဗဟုသုတများ သိရှိထားရန်၊ လုပ်ငန်းခွင်အခက်အခဲပြဿနာများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ မြန်မာအေဂျင်စီများထံ ဆက်သွယ်ရန်၊ အလုပ်သမားသံအရာရှိရုံးနှင့် ဝန်ကြီးဌာနသို့ အချိန်မရွေးဆက်သွယ်အကူအညီ တောင်းခံရန် ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားတစ်ဦးချင်းအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာသံအမတ်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့သည် ထိုင်းဘတ် ငါးသန်းကုမ္ပဏီ The First Good Man Group Co., Ltd. မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာ တာဝန်ရှိသူများက ထိုင်းဘက်ခြမ်းတွင် MoU စနစ်အရ လုပ်ငန်းစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကိုမေးမြန်းကာ ဘတ် ငါးသန်းအေဂျင်စီအနေဖြင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားပြဿနာများကို မျှမျှတတဝန်ဆောင်မှုပေးရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေး စိုက်ပျိုးမွေးမြူရေးနှင့် စက်ပစ္စည်းပြပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

မန္တလေး စိုက်ပျိုးမွေးမြူရေးနှင့် စက်ပစ္စည်းပြပွဲ ၂၀၂၃ (Mandalay Agri Tech 2023/ Mandalay Power & Machinery Show 2023) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးဗိုလ်ဗိုလ်ကျော်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေစင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးမွေးမြူသူတောင်သူများ ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းကုမ္ပဏီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ကျေးလက်ဒေသ၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်လျက်ရှိသည့် ခေတ်မီနည်းပညာများ၊ စက်ပစ္စည်း၊ မျိုးစေ့မြေဩဇာ၊ မွေးမြူရေးဆိုင်ရာ ဆေးဝါး၊ တိရစ္ဆာန်အစာများကို ယခုပြပွဲတွင် တစ်နေရာတည်း၌ လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ဒေသထွက် ကော်ဖီ၊ မက္ကဒေးမီးယား၊ ထောပတ်အပါအဝင် အော်ဂင်းနစ်ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးသူတောင်သူများကိုယ်တိုင် လာရောက်ပြသရောင်းချသည့်အတွက် ဈေးကွက်အသစ်များရရှိပြီး စားသုံးသူများအတွက် ဘေးကင်းလုံခြုံ၍ လတ်ဆတ်သော သစ်သီးဝလံ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်း။

စက်မှုပြခန်းများတွင် နေ့စဉ်လူနေမှုအတွက် မရှိမဖြစ်လိုအပ်သည့်စွမ်းအင်ကို နေရောင်ခြည်မှ ထုတ်ယူနိုင်မည့် ဆိုလာစနစ်များ၊ ဘက်ထရီနှင့် ခေတ်မီနည်းပညာများကိုပြသထားပြီး ဝယ်ယူနိုင်စေရန်စီစဉ်ထားကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးပညာရှင်များ၏ သဘာဝမြေဩဇာနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများ၊ မွေးမြူရေးပညာရှင်များ၏ မျက်မှောက်ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် စကားဝိုင်းဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ရာ ယခုပြပွဲမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးများစွာ ပိုမိုဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေး စိုက်ပျိုးမွေးမြူရေးနှင့် စက်ပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စိုက်ပျိုးမွေးမြူရေးနှင့် စက်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဒီဇင်ဘာ ၈ ရက် မှ ၁၀ ရက်အထိ ခင်းကျင်းပြသမည့် အဆိုပါပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု ကုမ္ပဏီ ၇၀ ကျော်တို့က ပြခန်းပေါင်း ၁၄၀ ပါဝင်ပြသမည်ဖြစ်ပြီး စကားဝိုင်းဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်သည့်အတွက် စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ



**လှည်းကူး ဒီဇင်ဘာ ၈**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် လှည်းကူး ပညာရေး ဒီဂရီကောလိပ်၌ ဖွင့်လှစ်လျက်ရှိသော လေးနှစ်သင်ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများနှင့် PPTT (၁၀/ ၂၀၂၃) သင်တန်းသား သင်တန်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက လှည်းကူး ပညာရေးဒီဂရီကောလိပ် ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာစကား ပြောကြားပြီး လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လေးနှစ်သင်ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး လေးနှစ်သင်ပညာရေးဘွဲ့ ပထမနှစ် မောင်သစ်လွင်၊ မယ်သစ်လွင်များအားရွေးချယ်ပြီး လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က မောင်မယ်သစ်လွင်များ အား အထိမ်းအမှတ်စလွယ်နှင့် သရဖူများ ချီးမြှင့်ပေးသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ လှည်းကူး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေးနှစ်သင်ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများနှင့် PPTT (၁၀/ ၂၀၂၃) သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၈၁၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Essential Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Atto3 EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)ကျောင်းမှ ဆရာ ဆရာမများနှင့် တွေ့ဆုံ

**မန္တလေး ဒီဇင်ဘာ ၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့က ပြင်ဦးလွင် မြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)ကျောင်း စုဝေးခန်းမ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**ရှင်းလင်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)ကျောင်း ကျောင်းအုပ် ဆရာမကြီးက ကျောင်းဆိုင်ရာ အချက်အလက်များနှင့် မော်တော် ယာဉ်နည်းပညာ သုတေသနဌာန (ပြင်ဦးလွင်)မှ ညွှန်ကြားရေးမှူးက သုတေသနနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စု ဝန်ကြီးက နိုင်ငံတော်မှ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် ရှိသည့် လူ့စွမ်းအားအရင်း အမြစ်များ ပြုစုပျိုးထောင်ရေးနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံ၊ နည်းပညာဆိုင်ရာ ဝန်ဆောင်မှု များနှင့် ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော် ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကို ထိရောက်စွာ အထောက်အကူ



ပြုမည့် ကျွမ်းကျင်ပြီး အရည်အချင်း ပြည့်ဝသော လူ့စွမ်းအားအရင်း အမြစ်များ ဖြစ်လာအောင် ပြုစု ပျိုးထောင်ကြရမည်ဖြစ်ကြောင်း နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တို့သည် ဆရာ ဆရာမများအား အားပေးစကား ပြောကြားပြီး သုတေသနဌာနများနှင့် အလုပ်ရုံ များ၊ အဆောင်များကို ကြည့်ရှုကြ သည်။

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုက်ဘာစီးတီး)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်(တာဝန်) က တက္ကသိုလ်ဆိုင်ရာ အချက် အလက်များနှင့် ကျောင်းအပ်နှံ၊ တက်ရောက်၊ သင်ကြားသင်ယူမှု များကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ စက်ပစ္စည်း များ၊ အလုပ်ရုံများ၊ သုတေသန လုပ်ဆောင်နေမှုများ၊ အားကစား ကွင်းနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေး ကာ ကျောင်းသား ကျောင်းသူများ အနေဖြင့် လက်တွေ့လုပ်ဆောင်မှု များမှ အတွေ့အကြုံနှင့် သင်ခန်းစာ ကောင်းများရရှိအောင် ဆောင်ရွက် ရေး၊ တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာများ အရည်အသွေး တိုးတက်ကောင်းမွန်ရေး မှာကြား ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌများက နိုင်ငံရေး၊ စီးပွား ရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် MSMEs လုပ်ငန်းများနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် အကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီရုံး၏ ညွှန်ကြားချက်များအား ဖတ်ကြား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် တင်ပြချက် များနှင့်ပတ်သက်၍ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ကဏ္ဍအလိုက် အသေးစိတ် ပြန်လည် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေကြည်မြို့နယ် အောင်ဆန်း(၄)လမ်း စည်ပင်၊ ပြည်သူ ပူးပေါင်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ရေကြည် ဒီဇင်ဘာ ၈**

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် စည်ပင် သာယာရေးအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေနှင့် လမ်းနေ ပြည်သူများ၏ထည့်ငွေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ သည့် ရေကြည်မြို့ အောင်ဆန်း(၄)လမ်း စည်ပင်၊ ပြည်သူ ပူးပေါင်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား ကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါ အောင်ဆန်း (၄)လမ်းထိပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ရောဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်း၊ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ခဲ့ပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ လမ်းအရှည် ပေ ၂၄၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေ ၈ ဒသမ ၃၃ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅ သန်း စုစုပေါင်း ၁၄ ဒသမ ၈၃၀ သန်းဖြင့် ပူးပေါင်း ထည့်ဝင်ဆောင်ရွက်ခဲ့သော လမ်းဖြစ်ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**






## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ဆင်း ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်ဝင် သင်တန်းဆင်းအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ဆင်း ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်ဝင် သင်တန်းဆင်းအခမ်းအနား ကို ယနေ့နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်း ကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင် ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုတံဆိပ်များချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းဆင်းလက်မှတ်များကို ကသ(၁)ဦးကျကျို ရှမ်းပြည်နယ်က လက်ခံရယူပေးခဲ့သည်။

**ဉာဏ်ဟိန်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Ramanathan Balakrishnan နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Ramanathan Balakrishnan သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Ramanathan Balakrishnan က ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်မှုကာလ ပြီးဆုံးမှုနှင့် UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့မှု၊ ကုလသမဂ္ဂအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအတွင်း အကူအညီလိုအပ်သူများအား လူသားချင်းစာနာမှုအထောက်အပံ့များ ဆက်လက်ပေးအပ်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ အကူအညီပေးနိုင်ရေး၊ UNFPA အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် လုပ်ငန်းစီမံချက် (Workplan) လက်မှတ်ရေးထိုးနိုင်ရေးညှိနှိုင်းနေမှုနှင့် နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာကိစ္စများ၊ မိုခါမုန်တိုင်းသင့်ဒေသများတွင် အကူအညီပေးနိုင်ရေးအတွက် UNOCHA၊ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို တင်ပြဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုသည် လိုအပ်ချက်ရှိသော ပြည်သူများအတွက် လွန်စွာအရေးပါကြောင်းနှင့် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ဗီဇာထောက်ခံချက်များကို ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ထောက်ခံပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်တင်ရန်ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၀) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် တက်ရောက် အမှာစကားပြောကြားသည်။




**မေးမြန်းဆွေးနွေးကြစေလို**

ဒုတိယဝန်ကြီးက ယနေ့တွင် "ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားမည်ဖြစ်ပြီး ရှမ်းပြည်နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေး လုပ်ငန်း၊ လျှပ်စစ်ကဏ္ဍနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းစသည့် ထုတ်လုပ်မှုလုပ်ငန်း များစွာရှိသဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အားကိုးအားထားပြုရသော ပြည်နယ်ဖြစ်သည်ကို သိရှိနားလည်လာမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်သည့်ကဏ္ဍနှင့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးမည်ဖြစ်သဖြင့် တက်ရောက်လာသူများအနေဖြင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလေးနိုင်က " ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက ရှမ်းပြည်နယ်၏ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး အားသာချက်၊ အားနည်းချက်များ၊ ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားသို့ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်သူများအပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးနှင့် အဆင့်မြင့်အရာထမ်းသင်တန်းများ သင်တန်းဆင်း




**ရန်ကုန် ဒီဇင်ဘာ ၈**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၉)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၃)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အခိုင်မာဆုံးသောအဖွဲ့အစည်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် " ဝန်ထမ်း " များသည် နိုင်ငံတော်နှင့် ပြည်သူအတွက် " အား " ဖြစ်ပြီး နိုင်ငံအတွက်အရေးကြုံလာပါက အမြဲအဆင်သင့်ရှိနေသည့် အခိုင်မာဆုံးသောအဖွဲ့အစည်းတစ်ခုဖြစ်ခြင်းကြောင့် ဌာနများတွင် ခါးဆက်မပြတ်စေရေးအတွက် သက်ဆိုင်ရာဝန်ထမ်းများကို ကြိုတင်လေ့ကျင့်ပေးကြရန်နှင့် ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များကို အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကြိုးကြပ်ကွပ်ကဲမှု အနည်းဆုံးဖြင့် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၉)သို့ သင်တန်းသား ၁၁ ဦး၊ သင်တန်းသူ ငါးဦး စုစုပေါင်း ၁၆ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၃) သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၂ ဦး စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ ရက်သတ္တရစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**လွိုင်လင် ဒီဇင်ဘာ ၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုခြင်းနှင့် ဘာသာရပ်မိတ်ဆက်ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ ပြုလုပ်သည်။

ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) တွင် ပထမနှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများကို ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဒုတိယနှစ်မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုခဲ့ကြပြီး ဒုတိယပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် သင်ကြားစီမံကိစ္စများကို လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် သင်ကြားမည့် ဘာသာရပ်အလိုက် သက်ဆိုင်ရာဌာနမှူးများက ရှင်းလင်းပြောကြားကာ ခရက်ဒစ်စစ်စတန်အကြောင်းများကို တွဲဖက်ပါမောက္ခ ဒေါ်သိမ့်သိမ့်မိုးက ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**







# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**တောင်ကြီး ဒီဇင်ဘာ ၈**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေး ဆောင်ပုဒ်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ကျင်းပသည့်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန တောင်ကြီးမြို့၌ ပြုလုပ်ခဲ့သည်။

**အမှာစကားပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိကာလသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆)ရက်တာ လှုပ်ရှားမှုကာလဖြစ်ပါကြောင်း၊ ကျား၊ မ ဖြစ်ခြင်းကို အခြေခံပြီးဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ၁၉၉၁ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးခေါင်းဆောင်မှုဗဟိုဌာန (Center for Women's Global Leadership )က နိုင်ငံတကာ လှုပ်ရှားမှုအသွင်ဖြင့် (၁၆)ရက်တာလှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်



ကမ္ဘာ့လူဦးရေစာရင်းအရ ကမ္ဘာ့အမျိုးသမီးဦးရေ ၄၀၃၁ သန်းရှိသည့်အနက် နည်းအမျိုးမျိုးဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီး ဦးရေခန့်မှန်းခြေ ၇၃၆ သန်းရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံ ဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW – United Nations Convention on the Elimination of All forms of Discrimination Against Women) ကိုပါဝင် လက်မှတ်ရေးထိုးထားပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ရန် ဥပဒေများရေးဆွဲချမှတ် အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ယခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု ဆောင်ပုဒ်ဖြစ်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေးဟူသော ဆောင်ပုဒ်အတိုင်း အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် လိုအပ်သည့်အချိန်အတွင်း လိုအပ်သည့် ဝန်ဆောင်မှုများ လွယ်လင့်တကူရရှိနိုင်ရေး ကဏ္ဍအသီးသီးတွင် အားလုံးပါဝင်ရင်းနှီး မြှုပ်နှံခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျှော့နည်းပပျောက်ရေးကို ဦးတည်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်များသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ပညာပေး Video Clip ကို ကြည့်ရှုကြပြီး လူထုအခြေပြုဗဟိုဌာနအတွင်း လှည့်လည်ကြည့်ရှု၍ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် တိုင်းမှူးနှင့် ဇနီး တို့က ကလေးများအား မေတ္တာလက်ဆောင်များကိုလည်းကောင်း၊ လူထုအခြေပြုဗဟိုဌာန တောင်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း


**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေများနဲ့ အမျိုးဘာသာသာသနာတော်ကို စောင့်ရှောက်နေတဲ့ တပ်မတော်သားများ ဘေးအပေါင်းရန်အပေါင်းကို နှိမ်နင်းအောင်မြင်ကြပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန်ချေမှုန်းနိုင်ကြပါစေ "စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။



**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင်ကျင်းပသည့် (၈)ကြိမ်မြောက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၊ ပြည်ဖျက်မီဒီယာများမှ ကောလာဟလ သတင်းတု၊ သတင်းမှားများအား မိနစ်နှင့်အမျှ ထုတ်လွှင့်နေမှုအခြေအနေများ၊ ၈-၁၂-၂၀၂၄ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်း၊ တာမိုးညဲနှင့် ရခိုင်ပြည်နယ် နွံဘူး ... တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာကျင်းပတဲ့ (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်လျက်ရှိပါတယ်။ ဒီမဲခေါင်-လန်ချန်း အစည်းအဝေးမှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနဲ့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေတို့ ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံတွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ပြီးရင် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ ဒီမဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းဆိုတာသည် ဒေသတွင်းမှာခိုင်မြဲတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေဖြစ်တဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေကို ဦးတည်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းဟာ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို အထောက်အကူပြုစေနိုင်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေကနေ အထူးစီမံကိန်း ၁၀၆ ခုအတွက် စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်းကို မြန်မာနိုင်ငံကို ထောက်ပံ့ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ဒီအစည်းအဝေးမတိုင်ခင်မှာ ဒီဇင်ဘာလ ၆ ရက်နေ့မှာတော့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံပြီး နှစ်နိုင်ငံဆွေးနွေးပွဲတွေလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှု၊ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းကောင်းနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်မှုတွေ ပြီးရင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ တိုးတက်မြှင့်တင်အောင်ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းတွေ ပြီးရင် မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်မှုတွေကို ထဲထဲဝင်ဝင် ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ အရင်ကပြောခဲ့သလို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နဲ့အညီ အိမ်နီးချင်းကောင်းပီသစွာ မဟာဗျူဟာ မိတ်ဖက်နိုင်ငံတွေ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေ ဖြစ်ပါတယ်။ ဒီဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီး ပြည်ဖျက်မီဒီယာတွေအနေနဲ့




အမျိုးမျိုးဝေဖန်တာတွေ၊ အမျိုးမျိုး တရုတ်-မြန်မာ နှစ်နိုင်ငံအကြားမှာ အထင်အမြင်လွဲအောင် လုပ်ကြံဖန်တီးလုပ်တာတွေ ရှိပြီးဖြစ်ပါတယ်။ ရှိနေပါတယ်။ ယခင်ကလည်း လုပ်ခဲ့ပါတယ်။ ယခုလည်း ဆက်လက်လုပ်ဆောင်နေဆဲပဲဖြစ်ပါတယ်။ နောက်လည်း လုပ်ဆောင်မှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့က နှုတ်ကထုတ်ဖော်မပြောသည့်တိုင် မြန်မာနိုင်ငံကို အသုံးချပြီးတော့ တရုတ်ထိန်းချုပ်ရေးမူဝါဒ CHINA CONTAINMENT POLICY ကို ကျင့်သုံးနေတာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေအနေနဲ့ သတိပြုရမှာဖြစ်ကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။

နောက်တစ်ခုကတော့ သတင်းမှား ကောလာဟလသတင်းတွေ ဖြစ်ပါတယ်။ ပြည်ဖျက်မီဒီယာတွေအနေနဲ့ အခုနိုင်ငံမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေပေါ်မှာမူတည်ပြီး ကောလာဟလသတင်းတွေ၊ သတင်းတု၊ သတင်းယောင်တွေ မိနစ်နဲ့အမျှ တင်နေပါတယ်။ မိနစ်နဲ့အမျှလည်း တွေ့နေရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သတင်းတု၊ သတင်းမှားတွေနဲ့ ပတ်သက်ပြီး ကောလာဟလသတင်းတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းပါတယ်။ ဖြေရှင်းပေမဲ့လည်း ဒါနဲ့ပတ်သက်ပြီး ဒီဟာတွေသည် သတင်းတု၊ သတင်းမှားတွေကို ဆက်လက်ပြီး ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကောလာဟလသတင်းတွေ ထုတ်လွှင့်ရတဲ့ရည်ရွယ်ချက်ကတော့ ကြောက်ရွံ့မှုတို့၊ မျှော်လင့်ချက်တို့ ဒါတွေနဲ့ထုတ်လွှင့်တာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ သတင်းတု၊ သတင်းမှားတွေနဲ့ ပြည်သူလူထုကို သတင်းအဆိပ်သင့်အောင် လုပ်နေဦးမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်သားတွေ၊ နိုင်ငံတော်လုံခြုံရေးတာဝန်ကိုထမ်းဆောင်နေကြတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့ ပြည်သူလူထုတွေအနေနဲ့ ဒီသတင်းတု၊ သတင်းမှားတွေနဲ့ ကောလာဟလသတင်းတွေကို သတိပြုရမှာ ဖြစ်ပါတယ်။ ဒီသတင်းတု၊ သတင်းမှားတွေနဲ့ ကောလာဟလသတင်းတွေကို ထုတ်လွှင့်ပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ မတည်ငြိမ်အောင် ဖန်တီးပြုလုပ်နေတာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်မနေ့က ပြောသလို အကြမ်းဖက်လုပ်ရပ်တွေကိုအားပေးတဲ့ သတင်းတွေ ထုတ်လွှင့်ခြင်းအားဖြင့် ပြည်သူလူထုနဲ့ပတ်သက်လာပြီး စိုးရိမ်ထိတ်လန့်လာအောင် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ဒါသည်သူတို့ရဲ့ အကြမ်းဖက် နည်းဗျူဟာပဲဖြစ်ပါတယ်။ မြေပြင်မှာအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး လုပ်ပြမယ်။ ပြည်သူရဲ့ အသက်အိုးအိမ်စည်းစိမ်၊ ပြည်သူလူထုရဲ့လမ်းပန်းဆက်သွယ်မှု၊ ပြည်သူလူထုရဲ့ လျှပ်စစ်ဓာတ်အားအပါအဝင် လူမှုစီးပွားဘဝ ထိခိုက်အောင်လုပ်မယ်။ ခြိမ်းခြောက်မယ်။ သတင်းမီဒီယာတွေကနေတစ်ဆင့် ခြိမ်းခြောက်မယ်။ ပြည်သူကို တိုက်ရိုက်မြေပြင်မှာကော၊ သတင်းမီဒီယာတွေကနေတစ်ဆင့် ခြိမ်းခြောက်နေတာဖြစ်ပါတယ်။ ဒီခြိမ်းခြောက်နေတဲ့ ဒီအဖွဲ့အစည်းတွေရဲ့ ဒီမိုကရေစီဆိုတဲ့ ကြွေးကြော်မှု၊ ဒီမိုကရေစီဆိုတဲ့ ပါးစပ်ကနေ ပြောတာဆိုတာသည် ယုံကြည်စရာတစ်စက်မှမရှိဘူးလို့ဘဲ ပြောချင်ပါတယ်။

ထိတွေ့တိုက်ပွဲတွေအနေနဲ့ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မှာ နမ့်ခမ်းနဲ့ တာမိုးညဲမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ နမ့်ခမ်းကိုတော့ ရန်သူအနေနဲ့ နမ့်ခမ်းစခန်းကို တိုက်ခိုက်နေတာ တစ်လကျော်လောက်ရှိပြီ ဖြစ်ပါတယ်။ ဒီနမ့်ခမ်းမှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ တပ်မတော်သားတွေရဲ့ ဖွဲ့သတ္တိနဲ့ လုပ်ရည်ကိုင်ရည်ကို နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲတွေအနေနဲ့ အသိအမှတ်ပြုပါတယ်။ ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။ စစ်တွေ ရခိုင်ပြည်နယ်ဘက်မှာတော့ နွံဘူးဘက်မှာ ထိတွေ့တိုက်ပွဲ အနည်းငယ်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ တပ်မတော်အနေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေတာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကျွန်တော်တို့ တရားသောစစ်ကို တိုက်ပွဲဝင်နေတာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တရားသောစစ်ပွဲသည် မုချမသွေ အောင်မြင်ရမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(မကွေး)၌ လူငယ်စကားဝိုင်း ကျင်းပ

မကွေး ဒီဇင်ဘာ ၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(မကွေး)တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(မကွေး)ရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။




ဦးစွာ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(မကွေး)မှ ကျောင်းအုပ်(သင်ကြား)ဆရာမကြီး ဒေါ်သဇ္ဇာလင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(မကွေး)မှ သူနာပြုသင်တန်း ပထမနှစ် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မသီရိနိုင်က "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး"၊ မရွှေဇင်မင်းက "လူငယ်နှင့်စာရိတ္တ"၊ မရွှေမွန်ဝင်းက "လူငယ်နှင့်ကျန်းမာရေး"၊ မယဉ်မေမြင့်က "လူငယ်နှင့်ပညာရေး"၊ မောင်ကျော်ဇင်ထွန်းက "လူငယ်နှင့်မူးယစ်ဆေးဝါး"၊ မောင်ဝေယံဖြိုးက "လူငယ်နှင့် စည်းကမ်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြောင်းမြမြို့ အထက(၇) ကွယ်လွယ်ကျောင်း၌ လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲ ကျင်းပ

မြောင်းမြ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အထက(၇) ကွယ်လွယ်ကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များဗလငါးတန်ပြည့်စုံစေရေး၊ အသိပညာ ဗဟုသုတတိုးပွားစေရေး၊ နှုတ်မှုစွမ်းရည်ထက်မြက်ပြီး ရဲဝံ့လိမ္မာစွာစကားပြောဆိုနိုင်ရေးတို့အတွက် လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ အထက(၇) ကွယ်လွယ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာရီက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး "စာဖတ်ခြင်း၏ အကျိုးကျေးဇူး"ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အထက(၇) ကွယ်လွယ်ကျောင်း Grade-11 မှ ကျောင်းသား ကျောင်းသူများဖြစ်ကြသော မောင်စန်းယုစံက "လူငယ်နှင့်စာရိတ္တ"၊ မရွှေရည်မွန်ဇော်က "လူငယ်နှင့်မျိုးချစ်စိတ်"၊ မောင်ထက်မြက်သူက "လူငယ်နှင့်စာဖတ်ခြင်း အကျိုးကျေးဇူး"၊ မချစ်စုရွှေရည်လင်းက "လူငယ်နှင့်အားကစား" ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ပြည်သူ့စစ်သင်တန်းတက်ရန် မဲနှိုက်ခိုင်းဟု ကောလာဟလ သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ပြည်သူ့စစ်သင်တန်းပေးရန်အတွက် ကျေးရွာတစ်ရွာလျှင် လူသုံးဦးစာရင်းပေးရန် ညွှန်ကြားသည်ဟု ပုသိမ်မြို့နယ်အတွင်း ကျေးရွာမှ ဒေသခံတစ်ဦးကပြောကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Ayeyarwaddy Times မှ ကောလာဟလ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးထံ မေးမြန်းချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများနှင့် အခြားမြို့နယ်များသို့ ပြည်သူ့စစ်သင်တန်းပေးရန်အတွက် မည်သည့်ညွှန်ကြားချက်မှ ပေးထားခြင်းမရှိကြောင်းသိရှိရပြီး အများပြည်သူ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန်နှင့် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ တရားမဝင်ပြည်ဖျက်မီဒီယာများမှ ကောလာဟလသတင်းများ လိမ်လည်ရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# စစ်ဆင်ရေးကွပ်ကဲရေးမှူးတစ်ဦး တိုက်ပွဲကျခဲ့သည်ဟု ပြည်ဖျက်မီဒီယာများက သတင်းအတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသတိုက်ပွဲများတွင် တပ်မတော်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်ဇော်လင်းသည် ပစ်ခတ်ခံရ၍ သေဆုံးသွားပြီဟု တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit မီဒီယာအပါအဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်၌ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ဗိုလ်မှူးချုပ်အောင်ဇော်လင်းသည် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များ၏ စစ်ဆင်ရေးတာဝန်များကို ကွပ်ကဲကြပ်မတ်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် တိုက်ပွဲဝင်တပ်မတော်သားများ စိတ်ဓာတ်ကျဆင်းစေရန်အတွက် လည်းကောင်း၊ တပ်မတော်အပေါ် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်နှင့် ယုံကြည်မှုလျော့နည်းစေရန်အတွက်လည်းကောင်း ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Mi Mi Khaing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၁)ရပ်ကွက်နေ မိမိခိုင်အား ည ၁၁ နာရီ မိနစ် ၂၀ တွင် သံတွဲမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၆ ဒသမ ၀၈၄၈ တန်၊ သစ်မာ ၄ ဒသမ ၅၈၃၄ တန်၊ အခြား ၃၁ ဒသမ ၅၃၃၄ တန် စုစုပေါင်း ၄၂ ဒသမ ၂၀၁၆ တန်၊ ယာဉ်/ ယန္တရား ၁၅ စီး၊ ပြစ်မှုကျူးလွန်သူ ရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်



# တီးတိန်မြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

တီးတိန် ဒီဇင်ဘာ ၈

ချင်းပြည်နယ် တီးတိန်မြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်တွင် ယမန်နေ့နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက ဖတ်ကြားပြီး (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်စာစီစာကုံး၊ ကဗျာနှင့် ကျပန်းပြိုင်ပွဲများမှ ဆုရကျောင်းသား ကျောင်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီပန့်နှင့် ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၀၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၀၈၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ လယ်ဝေးမြို့နယ် အင်ပင်သာကျေးရွာအနီး၌ လိုင်စင်မဲ့ Nissan Junke ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၇၁၀၈၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကနီမြို့ အမှတ်(၃)ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် XINOTA တံဆိပ်ပါ ဓာတ်ဆီပန့်တစ်လုံး အပါအဝင် ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၉၀၈၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

သတင်းစဉ်

# အီရန်နှင့်ရုရှား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်ဟု ရိုင်ဆီပြောကြား



**တီဟီရန် ဒီဇင်ဘာ ၈**

အီရန်နှင့်ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည်ဟု အီရန်သမ္မတ အီဘရာဟင်ရိုင်ဆီက ပြောကြားသည်။

ရုရှားသမ္မတပူတင်နှင့်မော်စကိုတွင် တွေ့ဆုံစဉ် ၎င်းက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ကာ စိုက်ပျိုးရေးနှင့်စွမ်းအင်ကဏ္ဍအပါအဝင် ညဏ်ပညာစွမ်းရည်ဆိုင်ရာလုပ်ငန်းကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဟု အီရန်သမ္မတရုံးဝက်ဘ်ဆိုက်မှ တစ်ဆင့် သိရသည်။ ယနေ့ကမ္ဘာတွင် မတရားမှုများကြီးစိုးနေပြီး ဂါဇာဒေသတွင် အမေရိကန်နှင့် အနောက်နိုင်ငံများ၏ အားပေးကူညီမှုဖြင့် အစ္စရေးက ဂါဇာဒေသခံများအား သတ်ဖြတ်နေကြောင်းနှင့် အဆိုပါ ဖြစ်စဉ်များတွင် လက်ရှိအချိန်အထိသေဆုံးသူ ၁၇၀၀၀ ကျော်ရှိပြီး ၎င်းတို့တွင် ကလေးငယ် ၆၀၀၀ ကျော်ပါဝင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အီရန်-ရုရှားဆက်ဆံရေးသည် အကောင်းဆုံးအခြေအနေသို့ရောက်ရှိနေပြီး ရုရှားနိုင်ငံမှ ကုန်သည်များသည် အီရန်နိုင်ငံရှိ ကုန်စည်ပြပွဲများတွင် ဝင်ရောက်ပြသရန် စိတ်ဝင်စားလာကြကာ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမြင့်တက်လာခဲ့ကြောင်း သမ္မတပူတင်က ပြောကြားသည်။ လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နေသည်။ အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို ခံနေရသည့်အီရန်နှင့်ရုရှားတို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာကြပြီး မကြာမီအချိန်က အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို လက်တွဲတိုက်ဖျက်ရေးအတွက် ကြေညာချက်တစ်စောင်ကို လက်မှတ်ရေးထိုးခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## ဖိလစ်ပိုင်နိုင်ငံ၌ အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အတည်ပြု

**မနီလာ ဒီဇင်ဘာ ၈**

ဖိလစ်ပိုင်နိုင်ငံ၌ အရည်အသွေးမြင့် ရာသီဥတုဒဏ်ခံနိုင်သော၊ ကာဗွန်ထုတ်လွှတ်မှုနည်းသော အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေကို ယနေ့ အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေကို ရာသီဥတုဒဏ်ခံနိုင်သောလမ်း၊ တံတား၊ လမ်းပန်းဆက်သွယ်ရေးနှင့် ရေလွှမ်းမိုးမှုအန္တရာယ် စီမံခန့်ခွဲမှု စီမံကိန်းများတွင် အသုံးပြုရန် ဖိလစ်ပိုင်အစိုးရက ခွဲဝေသတ်မှတ်ပေးမည် ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။

အာရှဖွံ့ဖြိုးရေးဘဏ်က အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်ရန် ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေး ဦးစီးဌာနတို့ကဲ့သို့သော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်သည့် ဌာနများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင်လည်း ကူညီပေးသွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် စီးပွားရေးကို ရေရှည်တည်တံ့ခိုင်မြဲပြီး မြင့်မားသောတိုးတက်မှုလမ်းကြောင်းဆီသို့ ရောက်ရှိရန် မကြာသေးမီနှစ်များအတွင်း အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်ရေးဆိုင်ရာ အသုံးစရိတ်ကို မြှင့်တင်သုံးစွဲလျက်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ အကြီးတန်းသယ်ယူပို့ဆောင်ရေး အထူးကျွမ်းကျင်သူ မီဇူဆာဝါက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အာရှဖွံ့ဖြိုးရေးဘဏ်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီမှုသည် ၂၀၁၈ ခုနှစ်မှ စတင်ကာ တဖြည်းဖြည်း ပမာဏများပြားလာခဲ့ပြီး လက်ရှိတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၆၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## သီရိလင်္ကာနိုင်ငံ၌ အသုံးပြုပြီးသည့် ပလတ်စတစ်ပုလင်းများကို ပြန်လည်အသုံးပြုခြင်း ရှိ၊ မရှိ သိနိုင်ရန် QR ကုဒ်စနစ် ထုတ်ထောင်မည်

**ကိုလံဘို ဒီဇင်ဘာ ၈**

သီရိလင်္ကာနိုင်ငံ၏ ဇဟိုပတ်ဝန်းကျင် အာဏာပိုင်အဖွဲ့သည် အသုံးပြုပြီးသည့် ပလတ်စတစ်ပုလင်းများကို ပြန်လည်စုဆောင်းပြီး ပြန်လည်အသုံးပြုခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် QR ကုဒ်စနစ်ကို ထူထောင်မည်ဖြစ်ကြောင်း ပါလီမန် ဆက်သွယ်ရေးဌာနက ယနေ့ သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ပလတ်စတစ်ဘူးများကို ပြန်လည်စုဆောင်းပြီး အသုံးပြုရန်အတွက် အဆိုပါပလတ်စတစ်ဘူးများကို ထုတ်လုပ်ဖြန့်ချိသည့် လုပ်ငန်းများတွင် တာဝန်ရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။

ပလတ်စတစ်ဘူးများကို ပြန်လည်အသုံးပြုနိုင်ရန် စုဆောင်းပေးသူများကို ဆုကြေးငွေပေးသင့်ကြောင်း တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းများကို အကြံပြုထားသည်။

ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ပျက်စီးစေသော နေ့လယ်စာစားသုံးရာတွင် အသုံးပြုသည့် ပလတ်စတစ်များကို တားမြစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

သီရိလင်္ကာနိုင်ငံသို့ လက်ရှိတင်သွင်းနေသည့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများကို စာရင်းပြုစုလျက်ရှိသည်။

နိုင်ငံအတွင်း၌ နေ့စဉ် ပလတ်စတစ်အမှိုက် ၉၃၈ မက်ထရစ်တန်ခန့် ထုတ်လုပ်သော်လည်း ၄ ရာခိုင်နှုန်းသာ ပြန်လည်အသုံးပြုကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၈၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၉၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ **“ မင်းလွင်ဦး(အောင်ပန်း)”** ရေးသားသည့် **“ တောင်ရိုး ”** စာအုပ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မုံရွာတက္ကသိုလ်
# (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်

၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မုံရွာတက္ကသိုလ်(နေ့သင်တန်း)နှင့် ၂၀၁၉၊ ၂၀၂၂ ပညာသင်နှစ် မုံရွာတက္ကသိုလ် (အဝေးသင်သင်တန်း)တို့၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို (၂၃-၁၂-၂၀၂၃) ရက်နေ့မှ (၂၉-၁၂-၂၀၂၃) ရက်နေ့အထိ မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ကြောင်း ကြေညာလိုက်သည်-

**မုံရွာတက္ကသိုလ် (နေ့သင်တန်း)**

**ဘွဲ့နှင်းသဘင် (၂၄-၁၂-၂၀၂၃) ရက်နေ့ (ပထမပိုင်း) အစီအစဉ် နံနက် (၉:၀၀)နာရီ**

| ပညာသင်နှစ် | ဘွဲ့ | အထူးပြု |
|---|---|---|
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | မဟာဝိဇ္ဇာ(ဘွဲ့) | - (မြန်မာစာ၊ ပထဝီဝင်) |
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | မဟာဥပဒေ(ဘွဲ့) | - ဥပဒေပညာ |
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | - (ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ) |
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - ပထဝီဝင် |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - သမိုင်း |
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - (ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဓာတုဗေဒ) |
| ၂၀၁၉-၂၀၂၀ | ဥပဒေ(ဘွဲ့) | - ဥပဒေပညာ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ(ဘွဲ့) | - (အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ) |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဘွဲ့) | - (ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ) |

**(ပထမပိုင်း) အစမ်းလေ့ကျင့်ရက် (၂၃-၁၂-၂၀၂၃) ရက်နေ့ နံနက် (၈:၀၀)နာရီ**

**မုံရွာတက္ကသိုလ် (နေ့သင်တန်း)**

**ဘွဲ့နှင်းသဘင် (၂၄-၁၂-၂၀၂၃) ရက်နေ့ (ဒုတိယပိုင်း) အစီအစဉ် မွန်းလွဲ (၂:၀၀)နာရီ**

| ပညာသင်နှစ် | ဘွဲ့ | အထူးပြု |
|---|---|---|
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | မဟာဝိဇ္ဇာ(ဘွဲ့) | - (အင်္ဂလိပ်စာ၊ သမိုင်း) |
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | - (ရူပဗေဒ၊ သတ္တဗေဒ) |
| ၂၀၁၉-၂၀၂၀ | မဟာသိပ္ပံ(ဘွဲ့) | - ဘူမိဗေဒ |
| ၂၀၂၁-၂၀၂၂ | မဟာသိပ္ပံ(ဘွဲ့) | - ဇီဝဓာတုဗေဒ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - မြန်မာစာ |
| ၂၀၁၉-၂၀၂၀ ၊၂၀၂၁-၂၀၂၂ | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - အင်္ဂလိပ်စာ |
| ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - (သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - ဘူမိဗေဒ |
| ၂၀၂၁-၂၀၂၂ | ဥပဒေ(ဘွဲ့) | - ဥပဒေပညာ |
| ၂၀၁၉-၂၀၂၀ | ဝိဇ္ဇာ(ဘွဲ့) | - (မြန်မာစာ၊ ပထဝီဝင်၊ စိတ်ပညာ) |
| ၂၀၁၉-၂၀၂၀ | သိပ္ပံ(ဘွဲ့) | - (ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ ဇီဝဓာတုဗေဒ) |

**(ဒုတိယပိုင်း) အစမ်းလေ့ကျင့်ရက် (၂၃-၁၂-၂၀၂၃)ရက်နေ့ နံနက် (၈:၀၀)နာရီ**

**မုံရွာတက္ကသိုလ် (အဝေးသင် သင်တန်း)**

**ဘွဲ့နှင်းသဘင်ပထမနေ့ (၂၇-၁၂-၂၀၂၃) ရက်နေ့ (ပထမပိုင်း) အစီအစဉ် နံနက် (၉:၀၀)နာရီ**

| သင်တန်းနှစ် | ဘွဲ့ | အထူးပြု | ခုံအမှတ် | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၀၁၉ | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ | ၄-မ-၆ | (၀၁၀) | မှ | ၄-မ-၃၄၇ | (၀၁၀) | အထိ |
| ၂၀၁၉ | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ | ၄-အ-၃ | (၀၁၀) | မှ | ၄-အ-၈၈ | (၀၁၀) | အထိ |
| ၂၀၁၉ | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် | ၄-ပ-၂ | (၀၁၀) | မှ | ၄-ပ-၁၀၃ | (၀၁၀) | အထိ |
| ၂၀၁၉ | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း | ၄-သ-၄ | (၀၁၀) | မှ | ၄-သ-၂၄၂ | (၀၁၀) | အထိ |
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ မေခါဝီလမ်း၊ တိုက်အမှတ် (၅၄၀/က)၊ ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ဦး [၁၂/သကတ(နိုင်) ၀၄၁၅၁၀]ထံမှ ကျွန်မဒေါ်သန္တာဝင်း [၁၂/ပဘတ(နိုင်)၀၃၀၅၃၂] က တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာဝင်း**
**[၁၂/ပဘတ (နိုင်) ၀၃၀၅၃၂]**
**အမှတ်-၅၇၇၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## (၃၀-၁၁-၂၀၂၃) ရက်နေ့ ကြေးမုံသတင်းစာကြော်ငြာပါ ဦးအိုက်လင်း [၁၃/တကန(နိုင်) ၀၂၄၉၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်ခင်ခင်ဌေး (စဉ်-၁၂၈၉၈)နှင့် ဒေါ်အိအိထွေး (စဉ်-၁၃၀၆၅)တို့၏ သတိပေးတားမြစ်ခြင်းအပေါ် ကန့်ကွက်ကြောင်း ကြေညာခြင်း

မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်သုခ(၁)လမ်း၊ (၂)လမ်း၊ အောင်မင်္ဂလာလမ်းနှင့် ဝင်းလှိုင်လမ်းမြေကွက်များတွင် လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော ပြည်သူများသည် လွန်ခဲ့သော နှစ်ပေါင်း (၆၀/၇၀)ကျော်ခန့်မှစ၍နေထိုင်ခဲ့ကြပြီး ၎င်းတို့ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူနေထိုင်သူများသည် နှစ်ပေါင်း (၃၀/၄၀)ခန့်ရှိသဖြင့် လက်ရှိနေထိုင်ခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ မည်သူမျှ ကျူးကျော်သူဟု သုံးနှုန်းခြင်း၊ တရားစွဲဆိုဖယ်ရှားခြင်းမျိုး လုံးဝမရှိခဲ့ပါ။ ဦးအိုက်လင်း [၁၃/တကန(နိုင်)၀၂၄၉၈၈]သည် မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်သုခ(၁)လမ်း အလျား(၂၀၀)ပေxအနံ (၇၀)ပေ မြေကွက်ပေါ်ရှိသော ရပ်ကွက်သာသနာ့နုဂ္ဂဟဓမ္မာရုံနှင့်ရပ်ကွက်အားကစားကွင်း မြေနေရာတို့ကို ဦးအိုက်လင်းဝယ်ထားသည့် မြေကွက်နှင့် တစ်ဆက်တည်းဖြစ်ရန် ခြံစည်းရိုးကာရံမှုကို ၂၀၀၉/၂၀၁၀/၂၀၁၁/၂၀၁၂ ခုနှစ်များတွင် အကြိမ်ကြိမ်ဆောင်ရွက်မှုကို ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းကန့်ကွက်ခဲ့သဖြင့် မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ တိုင်တန်းခဲ့သဖြင့် (၂-၁၁-၂၀၁၂) ရက်နေ့တွင် အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရပ်မိရပ်ဖ ဦးလှကြိုင်ပါ (၅)ဦးနှင့် (၁၆-၁၁-၂၀၁၂)ရက်နေ့တွင် အားကစားကွင်းနှင့် ဓမ္မာရုံကို ဦးအိုက်လင်း၏ ဂရိတ်နိုင်းကုမ္ပဏီမှ သိမ်းဆည်းရန်ကြံနေခြင်းကို ရပ်မိရပ်ဖ ဦးကျော်ဝေပါ(၆)ဦးတို့က တိုင်ကြားစာများပေးပို့ခဲ့ခြင်း၊ (၇-၉-၂၀၁၆) ရက်စွဲပါ ကြေးမုံသတင်းစာ၌ မြေကွက်(၅)ကွက် ဦးအိုက်လင်း အမည်ပြောင်းလျှောက်ထားမှုကို ရပ်မိရပ်ဖ ဦးမြင့်ဆွေပါ(၅၀)ဦးတို့က (၁၂-၉-၂၀၁၆)ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ကန့်ကွက်စာပေးပို့ခြင်းနှင့် သက်ဆိုင်ရာဌာနသို့ စာအမှတ်-၁၂၁၃၉/၁၆ ဖြင့် မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဝင်းလှိုင်လမ်း မြေကွက်ကို ကွင်းဆင်းစစ်ဆေးပြီး လက်ရှိနေထိုင်သူများ၏ အိမ်ခြံလုပ်၍ အမည်ပြောင်းလျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်ရန် လျှောက်ထားခဲ့ခြင်း (၅-၁-၂၀၁၆)ရက်စွဲဖြင့် ဦးမြင့်ဆွေပါ (၅၀)ဦးကိုယ်စား ဦးညွန့်လှိုင်ပါ(၄)ဦးကို ကန့်ကွက်သူများ၏ မြေကွက်ပါဝင်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှ အကြောင်းကြားစာ ရရှိခြင်း၊ (၂၉-၇-၂၀၁၇)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မရမ်းကုန်းမြို့နယ်မြေတိုင်းရပ်ကွက်အမှတ် -၂၄/သမိုင်း၊ မြေကွက်အမှတ်-၁၁ ၏ အစိတ်အပိုင်းမြေကွက်တည်ရှိရာအမှတ်-၁၁၊ အောင်သုခ (၁) လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ဦးဘထွန်း အမည်ပေါက် မြေကွက်ကို တရားရုံးဒီကရီအရ ဝယ်ယူထားသူ ဦးညိုအောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးအိုက်လင်းမှ (၁၂-၈-၂၀၁၆) ရက်စွဲဖြင့် မြေလက်ဝယ်ရရှိသည့် အစိတ်အပိုင်းကို ဂရန်လျှောက်ထား ကန့်ကွက်နိုင်ကြောင်း ပါရှိသဖြင့် မရမ်းကုန်းမြို့နယ်၊ အောင်သုခ(၁)လမ်း၊ (၂)လမ်းနေ အိမ်ထောင်စု (၈၃)ဦးကိုယ်စား ဦးလှမြင့်ပါ(၅)ဦးက ဦးအိုက်လင်း ဂရန်လျှောက်ထားမှုကို ကန့်ကွက်ကြောင်း၊ မြန်မာ့အလင်း သတင်းစာနှင့် သက်ဆိုင်ရာစည်ပင်ဌာနရုံးသို့ အသိပေးစာကို သက်ဆိုင်ရာဌာနသို့တင်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဦးအိုက်လင်းမှ မရမ်းကုန်း(၆)ရပ်ကွက်တွင် ရပ်ကွက်နေပြည်သူများ၏ နေအိမ်ပေါင်းမြောက်မြားစွာရှိသည်ကိုသိလျက်နှင့် မည်သည့်နေ့က တရားဝင်မြေတိုင်းတာခဲ့ကြောင်း၊ မည်သည့် အချိန်က အရောင်းအဝယ်မှတ်ပုံတင်စာချုပ်စာတမ်းကို မည်သည့်မှတ်ပုံတင်အမှတ်ဖြင့် ချုပ်ဆိုကြောင်း အဆိုပါ မြေကွက်နေပြည်သူများ လုံးဝသိရှိခြင်းမရှိဘဲ မူလပိုင်ရှင် ဦးဘကြော် အမည်ပေါက် အုတ်ဖုတ်မြေ အမျိုးအစား မြေဧရိယာ(၇.၃၇၅)ဧကကို အမွေဆက်ခံသူများထံမှဝယ်ယူ ပိုင်ဆိုင်သည်ဟုဆိုကာ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော ရပ်ကွက်နေပြည်သူများကို "ကျူးကျော်နေထိုင်သူများ"၊ "တရားတပေါင် စွဲဆိုဖယ်ရှားခြင်းမပြုဘဲ လူမှုရေးအရ စာနာထောက်ထားသော အားဖြင့်" "သင့်လျော်သောပြောင်းရွှေ့စရိတ် အပါအဝင် ကူညီပံ့ပိုးငွေများပေးအပ်ဖယ်ရှားလျက်ရှိသည်" ဟု ကြေးမုံသတင်းစာ၌ ကြေညာခဲ့ခြင်းဖြစ်၍ ဦးအိုက်လင်း အနေဖြင့် မိမိတရားဝင်ပိုင်ဆိုင်ခြင်း၊ လက်ရောက်ရရှိခြင်း မရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် လက်ရှိနေထိုင်လျက်ရှိသော ပြည်သူများကို "လက်ရှိကျူးကျော်နေထိုင် နေဆဲသူများက အပောင်းဖြိုဖျက်၍ လူနေအိမ်၊ ကန်ထရိုက်တိုက်၊ အလုပ်ရုံ၊ ဈေးဆိုင်ခန်း စသည့်အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ အုတ်တံတိုင်းခတ်ကာရံခြင်း မပြုလုပ်ကြရန်နှင့် အခြားသူများ အနေဖြင့်လည်း ကျူးကျော်နေထိုင်သူများထံမှတစ်ဆင့် မြေပြန်လည်ဝယ်ယူ၍ လူနေအိမ်၊ ကန်ထရိုက်တိုက်၊ အလုပ်ရုံ၊ ဈေးဆိုင်ခန်းစသည့် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ အုတ်တံတိုင်းခတ်ကာရံခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်"ဟု သတင်းစာ၌ ထည့်သွင်းကြေညာခြင်းသည် ရပ်ကွက်နေပြည်သူများ၏ လက်ရှိနေထိုင်ပိုင်ဆိုင်ခွင့်ကို ထိပါးစေပြီး ကိုယ်စိတ်နှလုံးသုံးပါးလုံးထိခိုက်နာကျင်မှု ခံစားရသည့်အပြင် ပတ်ဝန်းကျင်တွင်လည်း ဂုဏ်သိက္ခာကျဆင်းမှုကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် ရပ်ကွက်နေပြည်သူများကို "ကျူးကျော်နေထိုင်ဆဲသူများ" ဟုလည်းကောင်း ရပ်ကွက်နေပြည်သူများ၏ လက်ရှိအိမ်ခြံမြေပြင်ဆင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် များစွာထိခိုက် နစ်နာမှုရှိစေသည့် သတိပေးတားမြစ်စာဖြစ်၍လည်းကောင်း၊ ဦးအိုက်လင်း လက်ရောက်ရရှိမှုမရှိသော ရပ်ကွက်ပြည်သူများ၏ နေအိမ်ခြံမြေများသည် ဦးအိုက်လင်းနှင့်လုံးဝသက်ဆိုင်မှုမရှိသဖြင့် ရပ်ကွက်နေပြည်သူများ၏ နေအိမ်ခြံမြေအကျိုးစီးပွား ထိခိုက်နစ်နာစေမှု၊ ဂုဏ်သိက္ခာကျဆင်းမှုရှိစေရန် "ကျူးကျော်နေထိုင်ဆဲသူများ" ဟု စွပ်စွဲခဲ့ခြင်းအပေါ် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ဦးအိုက်လင်းမှ မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက်ရုံး၌ ရပ်ကွက်နေပြည်သူများကို တရားဝင်တောင်းပန်ပြီး နိုင်ငံပိုင်သတင်းစာမှနေ၍ (၃၀-၁၁-၂၀၂၃) ရက်နေ့ ကြေးမုံသတင်းစာပါ အသိပေးတားမြစ်စာကို ပြန်လည်ရုပ်သိမ်းပေးရန်တောင်းဆိုအပ်ပါသည်။ သတ်မှတ်သည့်ရက်တွင် ဦးအိုက်လင်းမှ ဆောင်ရွက်မှုတစ်စုံတစ်ရာမရှိပါက ရပ်ကွက်နေပြည်သူများ၏ နစ်နာမှုကို ဥပဒေနှင့်အညီ နစ်နာကြေးနှင့်တကွ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအိုက်လင်း [၁၃/တကန(နိုင်)၀၂၄၉၈၈]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ရပ်ကွက်နေပြည်သူ(၂၁၆)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**တရားလွှတ်တော်ရှေ့နေများ　　　　အထက်တန်းရှေ့နေများ**

**ဦးသော်တာစိုး　ဒေါ်လှဲ့လှဲ့ဝင်း　ဦးဇော်နေလင်း　ဒေါ်ငွေလာ　ဦးမင်းထွန်း　ဒေါ်မိုးသီတာနိုင်**

**(စဉ်-၄၁၁၆)　(စဉ်-၄၇၁၄)　(စဉ်-၁၀၅၄၆)　(စဉ်-၁၄၅၆၂)　(စဉ်-၅၃၄၉၅)　(စဉ်-၅၅၁၆၁)**

**အမှတ်(၉၉)၊ အောင်သုခ(၁)လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း ၀၉-၂၆၄၁၀၄၁၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၀+၂၁ (ဝေဇယန္တာအိမ်ရာ)၊ မြေကွက်အမှတ်-၄၈၊ မြေကွက်တည်နေရာအမှတ် (၄၀/ဘီ)၊ အေးမေတ္တာလမ်း၊ ဇ/တောင်ရပ်ကွက်၊ ဣစိတံအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးဝင်းဇော် (ခ) ဇော်ဝင်း (ခ) ကြည်ဝီ [၁၂/တမန(ပြု)၀၀၀၁၀၆]၊ ဦးကျော်ထွန်း (ခ) ကြည်ရီ [၁၂/တမန(ပြု)၀၀၀၁၀၈] အမည်ပေါက် နှစ် (၆၀) ဂရန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဝင်းဇော် (ခ) ဇော်ဝင်း (ခ) ကြည်ဝီ (ခင်ပွန်း) သည် (၂-၄-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်မှုအစုအတွက် ဒေါ်ရှုယဉ် [၁၄/မမန(နိုင်)၁၁၇၆၄၅] က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၄၂၉/၂၀၂၃(၄-၉-၂၀၂၃)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်ထွန်း (ခ) ကြည်ရီနှင့်ပူးတွဲကာ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝရပ်ကွက်၊ ဥယျာဉ်လမ်း၊ မြေကွက်အမှတ်(၅၄၃) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ၅လွှာ(ခေါင်းရင်းခန်း) (A-5) အကျယ်အဝန်း (၂၅'x၇၅')ရှိ ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင်(ရေမီတာအစုံ ကားပါကင်အပါအဝင်)၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ဝါဝါ [၁၂/ကတတ(နိုင်)၀၁၈၉၇၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား လွှဲပြောင်းရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲမြင့်ဝင်းနှင့်ဒေါ်သန်းသန်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗညားကျော်စွာမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၂၃/၂၀၁၄)**
**အမှတ်(၅၀၈)၊ သံဒင်းစုလမ်း၊ ပေါက်တောဝရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၀၃၉၁၀၊ ၀၉-၆၉၅၀၀၃၉၁၀**

## တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကျီစုရပ်ကွက်၊ ကန်သာယာ(၂)လမ်း၊ အမှတ်(၃၁၇)Aပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (ပ)ထပ် ခေါင်းရင်းခန်း ဟုခေါ်သော အကျယ်(၁၂ ၁/၂' x ၅၀')ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ရေမီးအစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးထွန်းနိုင်ဦး[၁၂/ကတတ(နိုင်)၀၁၇၈၆၈]ထံမှ ဝယ်ယူသူ ဦးရဲသီဟဦး [၁၂/ကမန(နိုင်)၁၁၄၀၈၀]က တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၇-၁၂-၂၀၂၃)နေ့တွင် စရန်ငွေပေးချေခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးခံစားခွင့် ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ကြော်ငြာသည့်နေ့မှ(၁၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက အဆိုပါကိစ္စအထမြောက်သည်ဖြစ်သည်ဟု မှတ်ယူ၍ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲသီဟဦး**
**Ph:09-787531548, 09-254487701**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၅)လမ်း ၊ အမှတ်(၁၂၅)ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့်(၅)ထပ်တိုက်၊ (၂-ခန်းတွဲ)၊ (ပထမထပ်)(ခေါင်းရင်းခြမ်း)ရှိ အခန်းအမှတ်(A/3)၊ (၁၂ ၁/၂ x ၅၀)ပေ အကျယ်အဝန်းရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်ရီရီဆွေ [၁၂/ဥကမ(နိုင်)၀၁၇၇၉၈]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့်အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၃)**
**အမှတ်(၁၈၉)၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၆၁၆၁၈၂၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ်-၁၀၉၈၊ အကျယ်အဝန်း (၄၀ × ၆၀)ပေရှိပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတို့တွင် ဦးကျော်ဘ အမည်ဖြင့် မှတ်သားထားရှိပါသည်။ အဆိုပါ ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (၂၀ × ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်-၁၀၉၈ ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စုစုလှိုင် (၁၂/ဒဂရ(နိုင်)၀၁၉၂၀၅)မှ တရားဝင်လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆို၍ ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ်ရောင်းဖိုးငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြူဖြူစိုး (L.L.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၄)**
**တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉၂

| | | |
|---|---|---|
| CB Bank PCL | နှင့် | ၁။ ဒေါ်ဇင်မာဝေ |
| ( SME ဌာန-ရုံးချုပ်) | | ၂။ ဦးစိုးနိုင် |
| (ယခင်သမဝါယမဘဏ်လီမိတက်) | | |
| (၎င်း၏ကိုယ်စား ဒုတိယမန်နေဂျာ ဦးကျော်မင်းအေး) | | |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၂၅)နေ တရားပြိုင်များဖြစ်သော (၁)ဒေါ်ဇင်မာဝေ၊ (၂) ဦးစိုးနိုင် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်အပေါ်၌ တရားလိုက " (၃-၇-၂၀၂၃)နေ့အထိ ဘဏ်စာရင်းရှင်းတမ်းအရ SME CGI ချေးငွေအရင်း၊ အတိုးနှင့် နောက်ကျကြေးငွေ စုစုပေါင်း (၁၈၃၅၄၁၄၈.၈၄) (ကျပ်တစ်ရာရှစ်ဆယ့်သုံးသိန်းငါးသောင်း လေးထောင်တစ်ရာလေးဆယ့်ရှစ်ကျပ်နှင့် ရှစ်ဆယ့်လေးပြားတိတိ) ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်၊ (၁၃၈၅ ခု၊ နတ်တော်လဆုတ် ၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၆) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ညွန့်ရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ အမှတ်(373 B)၊ (ပထမထပ်)တိုက်ခန်း၏ ပိုင်ဆိုင်သူ ဦးကိုကို[၁၂/ဗဟန(နိုင်)၀၇၉၆၅၉]ထံမှ ကျွန်ုပ် ဦးပိုင်သက်ကျော်[၁၂/တမန(နိုင်)၁၀၇၆၀၅]၊ ဒေါ်မြတ်မြတ်မိုးဦး[၁၂/ဒဂတ(နိုင်)၀၇၉၂၅၆]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ၂၀-၅-၂၀၂၃ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့အား လူကိုယ်တိုင်လာရောက် ဆက်သွယ်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပိုင်သက်ကျော်　　　　ဒေါ်မြတ်မြတ်မိုးဦး**
**[၁၂/တမန(နိုင်)၁၀၇၆၀၅]　　[၁၂/ဒဂတ(နိုင်)၀၇၉၂၅၆]**
**Ph:09-420084436**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် - ၂၈၁၊ မြေကွက်အမှတ် - ၁၀၁၊ ဧရိယာ (၀.၀၃၄)ဧက၊ ဒေါ်စိုးစိုးအေး အမည်ဖြင့် တည်ရှိသော မြေပိုင်မြေ၊ အရပ်အခေါ် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ်-၅၇၊ မြေအကျယ် (၃၀' x ၅၀') မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်သူ ဦးထွန်းမောင် [၁၂/မဂတ(နိုင်)၀၆၅၆၅၂] ထံမှ ကျွန်ုပ်တို့ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်နိုင်ဦး (ဥပဒေတွဲ့) (စဉ်-၈၇၆၂)　　　ဒေါ်ကျော့ကျော့စံ (ဥပဒေတွဲ့) (စဉ်-၁၃၄၈၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၀)၊ ဒုတိယထပ်၊ အခန်း (၉) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၅၄၉၉၉၂၅၊ ၀၉-၇၇၇၅၀၅၇၃၇**

## အမည်မှန်ဖြစ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၄)လမ်း၊ အမှတ်-၉၉၈ တွင် နေထိုင်သော ဒေါ်မြင့်မြင့်ခိုင်[၁၂/ဥကမ(နိုင်)၁၁၅၃၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ "ငြိမ်း" ကိုယ်ပိုင်အထက်တန်းကျောင်းတွင် Grade-5 ၌ ပညာသင်ကြားနေသော (အဖ-ဦးအေးနွယ်)နှင့် အမိ-ဒေါ်မြင့်မြင့်ခိုင်တို့၏ သမီးဖြစ်သူ မရှင်မြဖူးသစ်၏အမည်မှန်မှာ မသျှင်မြဖူးသစ်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၃၁၀၊(၁)လမ်း၊ ၃/ခ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၄၂၉၈၅**

## "ကန့်ကွက်နိုင်ပါသည်"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊(၈၂)ရပ်ကွက်၊ ကရဏာလမ်း၊ အမှတ်(၂၅၉)ဟု မှတ်သားတည်ရှိသော ဦးဂျေလောရင့်စ်(RGN-၁၁၅၄၅၃) အမည်ပေါက်၊ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိသည့် ပါမစ်မြေကွက်အနက်မှ အမှတ်(၂၅၈)နှင့် ကပ်လျက်တည်ရှိသော (၂၀ပေx၆၀ပေ) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်မိုးမြတ်မွန်ဦး [၁၂/ဒဂတ(နိုင်)၀၃၁၁၈၂] ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်** ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေအဖြစ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့်မည်သူမဆို ခိုင်လုံသော စာမှတ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ **(၇)ရက်** အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရိန်ကျော်(ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၄၅)**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ်-၁၂၆/က၊ မြေကွက်တည်နေရာအမှတ်-၁၂၆/က၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးဌေးမြင့် MTA-079367)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဌေးမြင့် ကို တရားပြိုင်ထား၍ တရားလို ဒေါ်နန်းကေခိုင်စိုးမှ မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၃၃/၂၀၂၁ ၏အမိန့်၊ တရားမဇာရီအမှတ်-၁၁/၂၀၂၂ ၏ စီရင်ချက်တို့အရ တရားရှုံး ကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ တောင်ဥက္ကလာပမြို့နယ် တရားရုံး၏ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်၊ ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ငြိမ်းငြိမ်း [၁၂/ ဒလန(နိုင်) ၀၄၈၆၀၈] နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ ရွှေလီ(၁)လမ်း၊ အမှတ်- ၅/၉၀၇ နေ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြသော ဦးသော်နိုင်ဇင် [၁၂/ဒလန(နိုင်)၀၃၆၈၃၃] နှင့် ဒေါ်ငြိမ်းငြိမ်း [၁၂/ဒလန(နိုင်) ၀၄၈၆၀၈] တို့သည် (၁-၂-၂၀၁၁)ရက်နေ့ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ဦးသော်နိုင်ဇင်သည် ဒေါ်ငြိမ်းငြိမ်းအပေါ် လင့်ဝတ္တရားငါးပါးနှင့်အညီ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါသော်လည်း ဒေါ်ငြိမ်းငြိမ်းသည် ဦးသော်နိုင်ဇင် နေအိမ်၌မရှိသည့် (၂၉-၉-၂၀၂၃) ရက်နေ့တွင် အရွယ်မရောက်သေးသည့် သားသမီးနှစ်ဦးနှင့် ဦးသော်နိုင်ဇင်ကို အပြစ်မရှိဘဲ အကြောင်းမဲ့ စွန့်ပစ်ကာ နေအိမ်မှ ထွက်ခွာသွားသည့်အတွက် (၄-၁၂-၂၀၂၃) နေ့မှစ၍ ဇနီးအဖြစ်မှ စွန့်ပစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် လူမှုရေး ပြဿနာ၊ ငွေကြေးအရှုပ်အထွေး စသည်တို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသော်နိုင်ဇင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၂) လမ်း၊ အမှတ်(၃)၊ အခန်းအမှတ်-၁၀၁၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၄'x ၅၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်အစပ်ဆက်ဖြင့် ဒေါ်အေးအေးသွင် [၁၂/အစန(နိုင်) ၁၆၁၈၂၀]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါတိုက်ခန်းအား ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ယခုအရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၃၂/၁၆)**
**အမှတ်(၁၀၈)၊ (ပ)ထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၄၃၀၄၃၃၇၉**

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## (ဘွိုင်လာစစ်ဆေးရေး)
## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း အမှတ်စဉ်(၂/၂၀၂၃) ကို အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၈-၁၂-၂၀၂၃)ရက်နေ့မှ (၂၆-၁-၂၀၂၄) ရက်နေ့အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားဦးရေ (၅၀)ဦးသာ လက်ခံသွားပါမည်။ ၎င်းသင်တန်းကို တက်ရောက်လိုသူ ပြင်ပသင်တန်းသားများသည် အနိမ့်ဆုံးအခြေခံပညာအလယ်တန်း အောင်မြင်ရန်လိုအပ်ပြီး အောက်ပါလိပ်စာများသို့ (၁၄-၁၂-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းလျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| ဘွိုင်လာစစ်ဆေးရေး(ရုံးချုပ်) | - | ရုံးအမှတ်(၄၁)၊ နေပြည်တော်။<br>ဖုန်း - ၀၆၇၃-၄၀၈၄၀၁၁၊<br>၀၉-၂၅၄၂၆၆၄၂၂ |
| ရန်ကုန်တိုင်းဘွိုင်လာရုံး | - | အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရား လမ်း၊<br>ဗဟန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။<br>ဖုန်း - ၀၉-၂၅၀၀၉၅၉၅၇၊<br>၀၉-၇၉၄၄၆၆၈၄၈ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၇-လမ်း၊ တိုက်အမှတ်(၄၃)နှစ်ခန်းတွဲ-၇-ထပ်တိုက်၏ တတိယထပ်(ခြေရင်းခန်း)-၄-လွှာ(ဘီ)(၁၂'x၅၀') အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုထားသည့် လျှပ်စစ်မီတာ၊ ရေစုပ်စက်မော်တာနှင့် လေအေးပေးစက်(၁)လုံးအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်ဝင်းကြူ [၁၃/ဟပန(နိုင်)၀၀၂၁၉၂]ကိုင်ဆောင်သူမှ ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်/စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းချယ်ရီ[၆/မမန(နိုင်) ၁၄၈၅၈၃]ကိုင်ဆောင်သူမှ ရောင်းဖိုးငွေဖြင့် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်(တစ်ပတ်)အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းချယ်ရီ[၆/မမန(နိုင်)၁၄၈၅၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈)(၄-၁၂-၁၉၈၄)**
**တိုက်-၉/၁၁၊ ပထပ်(စီ)၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-73021827,09-250022892,09-443021827**

## ကန့်ကွက်ရန်မရှိကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဇောတရုံလမ်း၊ တိုက်အမှတ်-၆၈၁၊ အခန်းအမှတ်-၆လွှာ(ခ)တိုက်ခန်း၏ ပိုင်ဆိုင်သူ ဦးကြည်စိုးဟန် [၁၂/ကမရ(နိုင်)၀၆၀၀၂၁]၊ ဒေါ်အေးအိအိစံ [၁၂/တမန(နိုင်)၁၁၄၆၃၇]ထံမှ ကျွန်ုပ် ဦးရဲမင်းအောင် [၁၂/တမန(နိုင်) ၁၀၃၅၆၅]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ၂၁-၁၁-၂၀၂၃ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်ပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့အား လူကိုယ်တိုင်လာရောက်ဆက်သွယ်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်းအောင် [၁၂/တမန(နိုင်)၁၀၃၅၆၅]**
**ဖုန်း-၀၉-၄၅၀၀၀၃၂၇၆**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ င/က ရပ်ကွက်၊ ညီညွတ်ရေးလမ်းသွယ်၊ အမှတ် (၇/၇၈) ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၆ ပေ x ၂၈½ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၂)ထပ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဦးစိုးပိုင် [၁၂/သဃက(နိုင်)၁၁၄၂၀၇] မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စီစီအောင် [၈/အလန(နိုင်)၁၃၇၂၇၉] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၇-၁၂-၂၀၂၃) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်အိခိုင် (LL.B, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၆၀၁/၃၁-၁-၂၀၁၄)**
**အမှတ်(၆၃)၊ ပထမထပ် ၊ သမာဓိ (၄)လမ်း၊ ဆ/က ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၁၄၅၀၅၃၊ ၀၉-၇၉၆၁၈၉၂၅၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ တိုက်အမှတ်(၁၀၆)၊ (၆-လွှာ/ခြေရင်းခန်း)၊ (၁၁½ပေx ၄၈-ပေ) ကျယ်ဝန်းသည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ တွယ်ကပ်ပစ္စည်းများ အပါအဝင် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမိတ္တူ/မူရင်း အဆက်စပ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော တရားဝင်ပိုင်ဆိုင်သူပိုင်ရှင် ဒေါ်ခြူးရေမှူး [၇/သဝတ(နိုင်)၁၁၉၅၉၅] ထံမှ ဒေါ်တိုးအိအိခိုင် [၉/လဝန(နိုင်) ၂၄၂၈၆၀]က (၉-၁၁-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း၏ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တိုးအိအိခိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ တိုက်အမှတ်(၅၂)၊ (တတိယထပ်-၄-လွှာ/ခေါင်းရင်းခန်း)၊ (၁၁½ ပေx ၄၈ ပေ) ကျယ်ဝန်းသည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ တွယ်ကပ်ပစ္စည်းများ အပါအဝင် ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမိတ္တူ/မူရင်းအဆက်စပ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသော တရားဝင်ပိုင်ဆိုင်သူပိုင်ရှင် ဦးကျော်ဇင်ဦး [၁၂/ကမတ (နိုင်) ၀၆၈၄၅၁] ထံမှ ဦးကောင်းမြတ်ဖြိုး [၁၄/လပတ(နိုင်)၁၄၈၈၇၀] က (၃-၁၂-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း၏ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်ဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## အမည်နှစ်မျိုးဖြစ်သော်လည်း ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ ဒေါ်မိုးသူဇာနိုင် [၁၂/မရက(နိုင်)၁၆၁၉၄၂]၏ ဖခင်အမည်အား တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် ဥပဒေဘွဲ့လက်မှတ်မူရင်းတို့တွင် ဖခင်အမည်ကို ဦးကျော်ထွန်းဟု ဖော်ပြထားပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အထက်တန်းရှေ့နေလိုင်စင်မူရင်းနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆) တို့တွင် ဖခင်အမည်ကို ဦးကျော်မြ(ခ) ဦးကျော်ထွန်းဟု ဖော်ပြထားရာ ဖခင်အမည်(၂)မျိုး ကွဲလွဲနေသော်လည်း ဖခင်တစ်ဦးတည်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ် (၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၈၁)၊ ဧရိယာ (၀.၀၅၅) ဧကရှိမြေအား ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ ရန်ကုန် - ပုသိမ်ကားလမ်းနေ ဦးချစ်ဖွယ် (ခ) ဦးဟံသိန်း [၁၂/ဥကတ(နိုင်)၁၁၄၁၉၉] မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## "အများသိစေရန် အသိပေးကြေညာချက်"

ဦးထွန်းဝေ [၁၂/စခန (နိုင်) ၀၇၀၃၇၂]၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်ဝေသင်း [၇/မညန (နိုင်) ၀၆၉၂၁၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ဝေသင်း၏ခင်ပွန်း ဦးထွန်းဝေနှင့် ၎င်း၏ဦးလေး ဦးနေဝင်းတို့မှာ ကွယ်လွန်သူ ဦးလှမြင့်အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၈-B²)၊ မြေကွက်အမှတ်-၆၉/၂၁ ၊ မုန့်တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၄)၊ အလျား (၂၅ x ၅၀) ပေရှိ နှစ် (၆၀) မြေငှားဂရန်နှင့် အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အကျိုးတူ အချိုးကျအညီအမျှ ခွဲဝေပိုင်ဆိုင်ကြောင်း (၂၂-၄-၂၀၂၃) ရက်စွဲပါ "မိသားစုအမွေပုံစီမံခန့်ခွဲမှုကတိစာချုပ်"ဖြင့် ခွဲဝေပိုင်ဆိုင်ခဲ့ကြပြီး၊ ဦးနေဝင်းမှ စာချုပ်ပါ စည်းကမ်းချက်အား ချိုးဖောက်၍ အကျိုးခံစားခွင့်အား အညီအမျှ ခွဲဝေခဲ့ခြင်းမရှိ၍ စာချုပ်ပါ စည်းကမ်းချက်အရ ၎င်း၏အမွေဝေစုအား ဆုံးရှုံးနစ်နာပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်ဝေသင်း** | **ဒေါ်ရတနာလှိုင်** |
| **[၇/မညန (နိုင်) ၀၆၉၂၁၂]** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၉၆၄)**<br>**အမှတ် (၄၄)၊ ၄-လွှာ၊ ၁၂၂-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**<br>**ရန်ကုန်တိုင်းဒေသကြီး။**<br>**ဖုန်း - ၀၉-၉၆၅၀၄၃၉၅၅** |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်-၂၉၁ နေ ဦးလှသောင်း(ခ)ဦးဖိုးချွန်-ဒေါ်ခင်ရီ(ခ)ဒေါ်တရုတ်မ [၁၂/ဒပန(နိုင်)၀၁၈၉၁၉]တို့၏သမီး မသန္တာလွင်[၁၂/ဒပန(နိုင်)၀၅၅၅၉၅] သည် မိဘညီအစ်ကို မောင်နှမများကို အရှက်တကွဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နှင့် နောက်နောင်တွင် မသန္တာလွင်နှင့်ပတ်သက်ဆက်နွယ်သောငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မသန္တာလွင်သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ရီ(ခ)မတရုတ်မ[၁၂/ဒပန(နိုင်)၀၁၈၉၁၉]**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၈) လမ်း၊ တိုက်အမှတ်-၉၆၇/ခ၊ တတိယထပ်(၄)လွှာဟုခေါ်တွင်သော အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာ ဦးအောင်ဝင်းနိုင် [၁၂/ဗဟန(နိုင်) ၀၈၁၅၄၀]ထံမှ ကြိုပွဲငှင့်စနစ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေလင်း [၁၂/ဗဟန(နိုင်) ၀၅၅၈၉၁] နှင့် ဒေါ်မြတ်ကေခိုင်စိုး [၁၂/ဥကတ(နိုင်) ၁၄၈၆၀၃] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၂၇၄/၀၉)**
**အမှတ်-၉၊ ၁၅၇လမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၀၅၇၄၆၀၊ ၀၉-၆၇၁၈၈၈၉၆**

ဖော်ပြပါ မြေကွက်များအား မြေငှားစာချုပ် (ဂရန်) ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်းအမှတ် | မြေကွက် | အိမ်ရာစီမံကိန်း | လျှောက်ထားသူအမည် | ကုမ္ပဏီမှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|---|
| ၁ | လှိုင် | ၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈ (သမိုင်း) | ၁၀၃/၃ | မင်းဓမ္မအိမ်ရာစီမံကိန်း အပိုင်း (၃) | Myanmar Imperial Vega Co.,Ltd | မှတ်ပုံတင်အမှတ်- 112415394 |
| ၂ | လှိုင် | ၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈ (သမိုင်း) | ၁၀၃/၄ | မင်းဓမ္မအိမ်ရာစီမံကိန်း အပိုင်း (၃) | Myanmar Imperial Vega Co.,Ltd | မှတ်ပုံတင်အမှတ်- 112415394 |
| ၃ | လှိုင် | ၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈ (သမိုင်း) | ၁၀၃/၅ | မင်းဓမ္မအိမ်ရာစီမံကိန်း အပိုင်း (၃) | Myanmar Imperial Vega Co.,Ltd | မှတ်ပုံတင်အမှတ်- 112415394 |
| ၄ | လှိုင် | ၂၂၊ ၂၃(ကမာရွတ်) ၂၆၊ ၂၈ (သမိုင်း) | ၁၀၃/၆ | မင်းဓမ္မအိမ်ရာစီမံကိန်း အပိုင်း (၃) | Myanmar Imperial Vega Co,Ltd | မှတ်ပုံတင်အမှတ်- 112415394 |
| ၅ | လှိုင် | ၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈ (သမိုင်း) | ၁၀၃/၇ | မင်းဓမ္မအိမ်ရာစီမံကိန်း အပိုင်း (၃) | Myanmar Imperial Vega Co.,Ltd | မှတ်ပုံတင်အမှတ်- 112415394 |
| ၆ | လှိုင် | ၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈ (သမိုင်း) | ၁၀၃/၈ | မင်းဓမ္မအိမ်ရာစီမံကိန်း အပိုင်း (၃) | Myanmar Imperial Vega Co,Ltd | မှတ်ပုံတင်အမှတ်- 112415394 |
| ၇ | လှိုင် | ၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈ (သမိုင်း) | ၁၀၃/၉ | မင်းဓမ္မအိမ်ရာစီမံကိန်း အပိုင်း (၃) | Myanmar Imperial Vega Co.,Ltd | မှတ်ပုံတင်အမှတ်- 112415394 |

**မြေယာဌာနခွဲ ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက် အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

---

## MFF Women’s Futsal Championship 2023 ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

MFF Women's Futsal Championship 2023 ပြိုင်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❍



---

## MNL အမှတ်ပေးပြိုင်ပွဲတွင် ရတနာပုံနှင့် မြဝတီအသင်း နိုင်ပွဲရရှိ

ရန်ကုန် ဒီဇင်ဘာ ၈

ရွှေ့ဆိုင်းထားသည့် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ဒုတိယနေ့ကို ဒီဇင်ဘာ ၈ ရက်က ဆက်လက်ကျင်းပရာ ရတနာပုံနှင့် မြဝတီအသင်း နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရှောဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် တစ်လုံးတည်းသောဂိုးဖြင့် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ရှောဝတီအသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရေး မျှော်လင့်ချက် နည်းသွားခဲ့ရသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❒

---

**ယနေ့ ဖတ်စရာ**

**မန္တလေး စိုက်ပျိုးမွေးမြူရေးနှင့် စက်ပစ္စည်းပြပွဲ ကျင်းပ** စာမျက်နှာ » ၁၃

**ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ပြည်သူ့စစ်သင်တန်းတက်ရန် မဲနှိုက်ခိုင်းဟု ကောလာဟလသတင်းအမှားများ ရေးသားဖြန့်ဝေ** စာမျက်နှာ » ၁၈